# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၂၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗာတီကန်မြို့ပြနိုင်ငံ (Holy See)၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) ၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် ဗာတီကန်မြို့ပြနိုင်ငံ၊ အစိုးရအဖွဲ့အကြီးအကဲ ဘုန်းတော်ကြီး ပီယဲထရို ပါရိုလင် (His Eminence Cardinal Pietro Parolin) ထံသို့ ယနေ့တွင် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။


စာမျက်နှာ ၃ ကော်လံ ၁ ❍


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ အဌမအကြိမ် ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၂၂

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဒဏ်သင့် ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသော Air China Cagro လေယာဉ်သည် အဌမအကြိမ်အဖြစ် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

အဆိုပါလေယာဉ်ဖြင့် ဆေးဝါးများ ၃၇၉၀၃ Kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr.Ouyang Daobing နှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr.Ouyang Daobing က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ


စာမျက်နှာ ၄ ကော်လံ ၁ ❒





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာမှုကို တွေ့ရစဉ်။


**ယနေ့ ဖတ် စ ရာ**

**စက်သုံးဆီဖူလုံမှုရှိပြီး ရောင်းဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသဖြင့် အများပြည်သူ စိတ်ချမ်းသာစွာ ဝယ်ယူသုံးစွဲလျက်ရှိ**
ပြည်တွင်းသတင်း စာ ၄

**ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုပေါင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)**
ပြည်တွင်းသတင်း စာ ၈

**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ**
ပြည်တွင်းသတင်း စာ ၁၃

○ ရှေ့ဖုံးမှ

အဆိုပါ သဝဏ်လွှာတွင် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၁ ရက်တွင် ဗာတီကန်မြို့ပြနိုင်ငံ၊ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်သွားသည်ဟု ကြားသိရသည့်အတွက် အလွန်ပင်စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား လည်းကောင်း၊ မိမိကိုယ်စားလည်းကောင်း ကိုယ်တော်နှင့် ဗာတီကန်မြို့ပြနိုင်ငံ ပြည်သူများထံသို့ ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုကြောင်း ပါရှိသည်ဟု သတင်းရရှိသည်။ **သတင်းစဉ်**



Chairman
State Administration Council
Republic of the Union of Myanmar

Dated. 22 April 2025

Your Eminence,

I was deeply saddened to hear about the news of the demise of His Holiness Pope Francis, Supreme Pontiff of Vatican City on 21 April 2025.

On behalf of the Government and People of the Republic of the Union of Myanmar and on my own behalf, I wish to extend my deepest condolences and heartfelt sympathy to Your Eminence and the people of Vatican City.

His Holiness Pope Francis will be held in high esteem for his service and dedication for the Lord as well as his contribution to the world peace.

Please accept, Eminence, the assurances of my highest consideration.

Senior General Min Aung Hlaing

His Eminence Cardinal Pietro Parolin
Secretary of State of Vatican
Vatican City

## သတင်းထုတ်ပြန်ချက်

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ဗာတီကန်မြို့ပြနိုင်ငံ (Holy See) ၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ဗာတီကန်မြို့ပြနိုင်ငံ၊ အစိုးရအဖွဲ့အကြီးအကဲ ဘုန်းတော်ကြီး ပီယဲထရို ပါရိုလင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

နေပြည်တော်
ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပျဉ်းမနားဘူတာနှင့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနေရာများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၂**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်တို့နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ ပျဉ်းမနား ဘူတာယာဒ်ဝင်းနှင့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန နေရာများ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင် မွမ်းမံနေသည့် လုပ်ငန်းခွင်နေရာများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ပျဉ်းမနားဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ရထားလက်မှတ်ရောင်း အဆောက်အအုံ ပြိုကျပျက်စီးနေမှုကို လိုအပ်သည့် ပြန်လည်မွမ်းမံမှု ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ယင်းနောက် ဘူတာယာဒ်ဝင်း ထိန်းသိမ်းခြင်းဆိုင်ရာ အဆောက်အအုံပြိုကျပျက်စီးမှု၊ ယာဒ်ဝင်းအတွင်း ဓာတ်အားခွဲရုံပျက်စီးမှုအား ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဘူတာတွင်းစာတိုက်အဆောက်အအုံ၊ လူကူးခုံးကျော်တံတား မွမ်းမံပြင်ဆင်ရန် လိုအပ်မှုတို့ကို စစ်ဆေးပြီး ရှေးဟောင်းအုတ်ကြွပ်အမိုးပြားများ စနစ်တကျ သိမ်းဆည်းရေး၊ ဆယ်တင်ပစ္စည်းများ လေလွင့်မှုမရှိစေရေး တို့ကို မှာကြားသည်။

ထို့အပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ဘူတာ ရထား လမ်းခွဲ/လမ်းကူးများ ထိန်းချုပ်သည့် စနစ်အား အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများ၊ အငြိမ်းစားယူခဲ့ပြီးသော ဝန်ထမ်းဟောင်းများ၊ ဌာနနှင့် လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသည့် ပညာရှင်များအား ဖိတ်ခေါ်စုစည်းတိုင်ပင်၍ အကောင်းဆုံး နည်းလမ်းကို ဖော်ထုတ်ပြီး လက်တွေ့ဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိ မြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနသို့ ရောက်ရှိပြီး ပင်မရုံး အဆောက်အအုံ ပျက်စီးမှုကြောင့် လုပ်ငန်းသုံးပစ္စည်းများ ယာယီ ရွှေ့ပြောင်း နေရာချထားပြီးစီးမှု အခြေအနေ၊ ဆိုက်ဘာလုံခြုံရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Data Center Farm တည်ဆောက်နေမှု လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လူ၊ ပစ္စည်းနှင့် စနစ်တို့ လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို ဂရုပြုဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာ တည်ဆောက်အသုံးပြုရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ကြီးရုံး၊ ရုံးအမှတ် ၅ နှင့် ရုံးအမှတ် ၂ တို့၏ နယ်နိမိတ်များအတွင်း ငလျင်ဒဏ်ခံ ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် ဘာရှာ အဆောက်အအုံများ ဆောက်လုပ်ရန် မြေနေရာများ ရွေးချယ်လျက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထိုင်မည့် ဇေယျာသီရိခရိုင်တရားရုံးရှိ တရားခွင်များကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပင်မအဆောက်အအုံ၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားခွင်များကို ဇေယျာသီရိခရိုင် တရားရုံးသို့ ပြောင်းရွှေ့ရုံးထိုင်မည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိခရိုင်တရားရုံးသို့ရောက်ရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားခွင်များဖြစ်သည့် စုံညီခုံရုံး၊ အထူးအယူခံခုံရုံး၊ အထူးခုံရုံး၊ ရာဇဝတ်ဆိုင်ရာနှင့် တရားမဆိုင်ရာ အယူခံ၊ ပြင်ဆင်မှုများအတွက် ရုံးထိုင်မည့်တရားခွင်များ ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထိုင်မည့် ဇေယျာသီရိခရိုင်တရားရုံးကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့စစ်ဆေးစဉ် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက စုံညီခုံရုံး၊ အထူးအယူခံခုံရုံး၊ အထူးခုံရုံးနှင့် အယူခံ၊ ပြင်ဆင်ရုံးများအတွက် ရုံးထိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေ၊ တရားသူကြီးများအတွက် နားနေခန်းထားရှိမှုနှင့် ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ ရုံးထိုင်မည့် အခြေအနေတို့ကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုတရားသူကြီးချုပ်က ယာယီတရားခွင်များဖြစ်သော်လည်း တရားခွင်အဆင့်အတန်းမီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားရုံးဥပမိရုပ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ open court ဖြစ်သည့်အတွက် အမှုသည်များ၊ ရှေ့နေများ၊ အမြင့်ဆုံးတရားရုံး၏ တရားစီရင်မှုကို လေ့လာလိုသူများနှင့် သတင်းမီဒီယာများကိုလည်း တရားခွင်အတွင်း ဝင်ရောက်လေ့လာခွင့်ပြုရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်ဆောင်ရွက်မှုများကို ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကြီးမားသည့် ငလျင်ဘေးဒဏ်ကြုံကြိုက်ခဲ့ကြရသော်လည်း တရားစီရင်ရေးကို ရပ်တန့်မှုမရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူများ၏ ဥပဒေပါအခွင့်အရေးများ နစ်နာဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ရုံးဖွင့်ရက်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းမည့် အမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုလက်ခံကောင်တာ၌ ယခင်အတိုင်း လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကြိုတင်သတိပေး အမှုခေါ်စာရင်းနှင့် ရုံးခန်းတွင်း ဆောင်ရွက်ချက်၊ ရုံးထိုင် ဆောင်ရွက်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းများတွင်လည်းကောင်း၊ ဇေယျာသီရိခရိုင် တရားရုံးကြော်ငြာ သင်ပုန်းတွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် www.unionsupremecourt.gov.mm တွင်လည်းကောင်း ကြည့်ရှုနိုင်ပြီး ၂၀၂၅ ခုနှစ် မေ ၂၃ ရက်မှစ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင် တရားရုံး ဖုန်း-၀၆၇-၄၅၁၀၂၄၂ ၌ တရားခွင်များဖွင့်လှစ်ပြီး ကြားနာခြင်း၊ အမိန့်ချမှတ်ခြင်းများကို ရုံးထိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

၃။ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏ အိုးအိမ်နှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားပေးမြှင့်တင်ခြင်းတို့ကို အားစိုက်ခွန်စိုက် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘပြည်သူများအားလုံး၏ စုပေါင်းအားဖြင့် ဆောင်ရွက်မည်ဆိုပါက ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာ ဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ မေ ၂၃ ရက်မှ ၃၀ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

၅။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူ တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာမှုကို တွေ့ရစဉ်။

❒ *ရှေ့ဖုံးမှ*

အကူအညီပစ္စည်းများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူသည်။

အဆိုပါ ရောက်ရှိလာသည့် ပစ္စည်းများအား တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စက်သုံးဆီဖူလုံမှုရှိပြီး ရောင်းဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသဖြင့် အများပြည်သူ စိတ်ချမ်းသာစွာ ဝယ်ယူသုံးစွဲလျက်ရှိ

**နေပြည်တော် မေ ၂၂**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးချွတ်ယွင်းခဲ့သည့် စက်သုံးဆီအရောင်းဆိုင်အချို့အား အမြန်ပြန်လည်ပြင်ဆင် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ရက်သတ္တပတ် တစ်ပတ်စာခန့် အရန်စက်သုံးဆီ ရှိသည့်အပြင် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ ပြတ်လပ်မှုမဖြစ်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ စက်သုံးဆီပြတ်လပ်မှုဖြစ်ပေါ်မည်ဟု စိုးရိမ်စိတ်ဖြင့် မလိုအပ်ဘဲ တန်းစီဝယ်ယူခြင်း၊ အပိုသိုလှောင်ထားခြင်း မပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် စွမ်းအင်ဝန်ကြီးဌာနမှ အများပြည်သူသို့ မတ် ၃၀ ရက်တွင် အသိပေးနှိုးဆော်ခဲ့ကြောင်း၊ အများပြည်သူ၏ ပူးပေါင်းပါဝင်မှု၊ စက်သုံးဆီအသင်းနှင့် သိုလှောင်ကန်စခန်း၊ အရောင်းဆိုင်နှင့် ဆီဘောက်ဆာလုပ်ငန်းရှင်တို့၏ ၂၄ နာရီ အချိန်ပြည့်နားရက်မရှိ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့ကြောင့် စက်သုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းများ ပုံမှန်အခြေအနေအတိုင်း ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာဒေသများတွင် ဆောင်ရွက်နေသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရောင်းဆိုင်များမှ တိုက်ရိုက်နှင့် နေရာအရောက် လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးခြင်း၊ ပရဟိတအသင်းအဖွဲ့များသို့ စက်သုံးဆီလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အရန်ဆီအနေဖြင့် နှစ်ပတ်စာခန့် သိုလှောင်ထားရှိနိုင်ပြီး အရောင်းဆိုင်များတွင် စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီရောင်းဈေးနှုန်းမှာလည်း တစ်လီတာလျှင် ငွေကျပ် ၂၀၀ မှ ငွေကျပ် ၃၀၀ ခန့်အထိ ကျဆင်းခဲ့သဖြင့် အများပြည်သူအနေဖြင့် စိတ်ချမ်းသာစွာဖြင့် ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဝန်ကြီးဌာနအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဌာနအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက် သတ်မှတ်ချိန်အမီပြီးစီးရေး၊ ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ယာယီရွှေ့ပြောင်းနေထိုင်ရာနေရာများ လုံခြုံရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ မိလ္လာများ ကောင်းမွန်ရေး၊ ဝန်ထမ်းများ သတ်မှတ်အင်အား အချိုးအစားအတိုင်း ရုံးပြန်လည်တက်ရောက်နိုင်ရေးနှင့် ရုံးခန်းများအလိုက် သန့်ရှင်းသပ်ရပ်စွာ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရေးနှင့် ယာယီရွှေ့ပြောင်းနေထိုင်ရာ နေရာများကို မိုးရာသီတွင် အဆင်ပြေစွာနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပုဗ္ဗသီရိမြို့နယ် မဟာဓမ္မပါရမီ မိုးကုတ်ရိပ်သာသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်အားဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။(အပေါ်ပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ငလျင်ဒဏ်ခံကျောင်းများအနေဖြင့် နှစ်သုတ်တက်စနစ်ဖြင့် တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်နှင့် ယာယီကျောင်းဆောင်များ တည်ဆောက်နိုင်ရေးကိုလည်း စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငလျင်ဒဏ်မခံရသော တက္ကသိုလ်များအနေဖြင့် မိမိတို့တက္ကသိုလ်၏ တိုးတက်ရေး၊ ဘာသာရပ်ဆိုင်ရာ တိုးတက်ရေးအတွက် ဌာနတွင်း မွမ်းမံသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသော ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ဝန်ကြီးဌာနအနေဖြင့် လွန်စွာ ဝမ်းနည်းရပါကြောင်း၊ ငလျင်ဒဏ်ကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပသွားမည်ဖြစ်၍ သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသော ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဇွန် ၂ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာသင်ဆောင်၊ စာသင်ခန်းများနှင့် အိပ်ဆောင်များ သန့်ရှင်းရေး ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရုံးများ၊ ကျောင်းများတွင် သတ်မှတ်ထားသော ဝတ်စုံများကို ဝတ်ဆင်ရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပမည့် စာစစ်ဌာနများတွင် ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဦးစီးဌာနအလိုက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# နိုင်ငံ့ဝန်ထမ်းများ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် ရုံးတက်ရောက်၊ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၂**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက် ကုန်ဆုံးသည့် ယနေ့တွင် နိုင်ငံ့ဝန်ထမ်းများ အားလုံးသည် သက်ဆိုင်ရာရုံးဌာနများသို့ စတင်တက်ရောက်ကြပြီး နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အင်ပြည့်အားပြည့်ဖြင့် တက်ကြွလျက်ရှိသည်။

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဝန်ကြီးဌာန ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဌာနဆိုင်ရာ ရုံးများတွင် ဝန်ထမ်းအင်အား အနည်းဆုံးဖြင့် ရုံးလုပ်ငန်းများကို လုပ်ငန်းစဉ်မပျက် ဆောင်ရွက်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းစစ်ဆေး၍ လိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများနှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ နေထိုင်မှု အဆင်ပြေစေရေးအတွက် မြို့နယ်၊ ရပ်ကွက်အလိုက် ယာယီတည်းခိုရေးစခန်းများ စီစဉ်ဆောင်ရွက်ပေးထားသည်။

**ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှား**

ထို့အတူ ဝန်ထမ်းများ နေထိုင်စားသောက်မှု အဆင်ပြေစေရန် ယာယီ တည်းခိုရေးစခန်းများတွင် စနစ်ကျသည့် သောက်သုံးရေစနစ်၊ လျှပ်စစ်မီးစနစ်၊ ချက်ပြုတ်မှုစနစ်၊ မိလ္လာစနစ်နှင့် ကျန်းမာရေး ကြိုတင်ကာကွယ်မှုစနစ်တို့ကို စီစဉ်ဆောင်ရွက်ပေးထားရာ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများက အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် ယနေ့ မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်ကုန်ဆုံးသည့်နေ့တွင် နိုင်ငံ့ဝန်ထမ်းများအားလုံးသည် မိမိနေထိုင်ရာ ယာယီတည်းခိုရေးစခန်းများ၊ နေထိုင်ရာနေရာများမှ ဌာနဆိုင်ရာကြိုပို့မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာရုံးဌာနများသို့ စုံလင်စွာ တက်ရောက်လာကြပြီး သက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကို လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် စတင်ဆောင်ရွက်လျက်ရှိကြသည်။



ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး နှစ်သစ်ကူးအခါသမယတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

**တာဝန်ရှိသူများတက်ရောက်**

နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများအားလုံး ဝန်ထမ်းများ စုံလင်စွာ တက်ရောက်လျက်ရှိပြီး ရုံးလုပ်ငန်းများ လည်ပတ်လျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန၏ နှစ်သစ်ကူးရုံးဖွင့်ရက် ပထမနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဝန်ကြီးရုံးရှေ့ဥပစာရှိယာယီရုံးအဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့သည် သင်္ကြန်ရုံးပိတ်ရက်ရှည်မှ ဝန်ထမ်းများ အနားယူပြီး စိတ်သစ်၊ လူသစ်ဖြင့်စတင်ရုံးတက်သည့်နေ့ဖြစ်သကဲ့သို့ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် တုံ့နှေးသွားရသည့် ရုံးလုပ်ငန်းများ ပြန်လည်စတင်သည့်နေ့လည်းဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ပြီး အစိုးရယန္တရား ပုံမှန်လည်ပတ်မှု စတင်သည့် အချိန်ကာလလည်းဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် နှစ်သစ်ကူးအခါသမယတွင် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နှစ်သစ်ကူးအခါသမယတွင် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ဝန်ကြီးဌာနရှိ ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး နှစ်သစ်ကူးအခါသမယတွင် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ နှစ်သစ်ကူးအခါသမယတွင် ရုံးလုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်လုပ်ကိုင်နိုင်ရေး ဝန်ထမ်းများကို လမ်းညွှန်မှာကြားစဉ်။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဝန်ကြီးဌာနရှိ ဌာနအလိုက် ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နေပြည်တော်ကောင်စီနယ်မြေ ဝန်ကြီးဌာနအသီးသီးတွင် ရုံးလုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရစဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ရုံးတက်/ရုံးဆင်းချိန် မော်တော်ယာဉ်များ မောင်းနှင်သွားလာမှု။



နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနရုံးများ ပြန်လည်ဖွင့်လှစ်၍ ရုံးသူရုံးသားများ ရုံးသို့ လာရောက်စဉ်။

*စာမျက်နှာ ၆ မှ*

### လုပ်ငန်းမပျက် ပြန်လည်လည်ပတ်

နိုင်ငံတော် ဝန်ကြီးချုပ်ကလည်း ယခုရက်မှစတင်၍လုပ်ငန်းများ ပြန်လည်စတင်လည်ပတ်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ သတင်းများထုတ်ပြန်ရေးနှင့်ပတ်သက်၍ အသေးစိတ်မှာကြားပြီးဖြစ်ရာ ညွှန်ကြားချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နေ့စဉ် ဝန်ထမ်းများစုံလင်စွာ တက်ရောက်ရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ မိမိတို့ ရုံးနှင့် ရုံးဝန်းကျင်တွင် ယာယီဘာရှာများ၊ မိုးကာတဲများ ဆောက်လုပ်၍ ဝန်ထမ်းများ နေရာချထားပေးပြီးဖြစ်ရာ မပျက်မစီးဘဲ ကျန်ရှိခဲ့သည့် ရုံးအဆောက်အအုံ၏ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် တက်ရောက်လာသည့် ဝန်ထမ်းများကို အဆင်ပြေအောင် နေရာချထားကာ လုပ်ငန်းမပျက် ပြန်လည်လည်ပတ်အောင် စီစဉ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

### လိုက်လံကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းများ လတ်တလော နေရာချထားပေးမှုနှင့် မိုးကာတဲများ၊ ဘာရှာတဲများ ဆောက်လုပ်နေမှု အခြေအနေ၊ သွားလာနေထိုင်ရေး စီစဉ်ပေးထားမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရုံးဝန်းကျင်ဆောက်လုပ်ထားသော မိုးကာတဲများ၊ ယာယီတဲများ ဆောက်လုပ်နေမှု၊ ဆောက်လုပ်ရန် လျာထားနေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အလားတူအခြားသောဝန်ကြီးဌာနများတွင်လည်း လုပ်ငန်းစတင်ရက်ဖြစ်သည့် အားလျော်စွာ အစည်းအဝေးများကျင်းပခြင်း၊ နေရာချထားမှုများ လိုက်လံကြည့်ရှုခြင်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုပေါင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၁၃၁၅၄ | ၂၇၉၅ | ၈၀၁ | ၁၄၈၂ | ၁၀၀ | ၄၄၁၄ | ၃၅၆၂ | |
| ၂ | တာပေါ်လင်/မိုးကာစ | လိပ် | ၄၂၅ | ၁၀ | ၄၁၅ | - | - | - | - | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၀၀၁ | ၄ | ၂၅ | ၁၄၉၇ | - | ၁၁၈ | ၃၅၇ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၇၇၀ | - | ၁၅၆ | ၁၂ | | ၂၇၆ | ၃၂၆ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၃၂၅၆ | ၁၁၂၇ | ၁၄၄၈ | ၇၈ | ၆၀၃ | - | - | |
| ၄ | Kitchen Set | စုံ | ၂၀၆၄ | ၄၅၄ | ၆၈၈ | ၈၈၅ | ၃၇ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၃၇ | ၇၀ | ၅၈ | ၄ | ၅ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း | မျိုး | ၇၄ | ၁၈ | ၃၈ | ၁၇ | ၁ | - | - | |
| | | ဖာ | ၁၂၉၉၅ | ၇၀၁၁ | ၄၇၆၀ | ၁၁၀၃ | ၁၂၁ | - | - | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | | | | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၅၃ | ၁၅ | ၂၈ | ၅ | ၄ | - | ၁ | |
| | | ဖာ | ၃၅၅၄ | ၆၃၉ | ၁၉၃၆ | ၉၁၇ | ၆၂ | - | - | |
| | | ထုပ် | ၁၄၅၁ | ၅၃၇ | ၈၁၂ | ၅၈ | ၄၄ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉ | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်း | မျိုး | ၂ | - | ၂ | - | - | - | - | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း | မျိုး | ၁၆၁ | - | ၈ | - | ၂ | ၁၅၁ | - | |
| | | အိတ် | ၁၅၀၀၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | - | - | |
| | | ဖာ | ၁၄၀၁ | ၂၆ | - | - | - | ၁၃၇၅ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

### ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဖာ | ၁ | - | - | - | ၁ | - | |
| ၂ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၂ | - | - | - | ၂ | - | |

### ဘေးသင့်ပြည်သူများအတွက် အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | မိုးကာတဲ | လုံး | ၃၀၅ | - | - | ၃၀၅ | - | - | |
| ၂ | တာပေါ်လင် | ထုပ် | ၁၅၁၆ | - | ၂၀ | ၁၄၉၆ | - | - | |
| ၃ | Kitchen Set | ဖာ | ၄၅၀ | ၉၆ | ၃၃၆ | ၁၀ | ၈ | - | |
| ၄ | မီးစက် | လုံး | ၁၀၅ | ၂၄ | ၅၆ | ၂၃ | ၂ | - | |
| ၅ | Sleeping Bags | ခု | ၃၀ | ၁ | ၂၇ | ၁ | ၁ | - | |
| ၆ | စားသောက်ကုန်ပစ္စည်း | ဖာ | ၃၂၈၆ | - | ၂၃၃၀ | ၉၅၆ | - | - | |
| ၇ | လူသုံးကုန်ပစ္စည်းများ | ဖာ | ၁၉၁၃ | - | ၁၀၄၆ | ၈၆၇ | - | - | |
| ၈ | အိမ်သုံးပစ္စည်း | ဖာ | ၉ | ၃ | ၄ | ၂ | - | - | |
| ၉ | လျှပ်စစ်ပစ္စည်း | ဖာ | ၇၉ | ၂၆ | ၄၈ | ၃ | ၂ | - | |

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

ဘေးသင့်ပြည်သူများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၇၅ | ၂၅ | - | - | ၅၀ | - | - | |
| ၂ | တာပေါ်လင် | လိပ် | ၁၀ | ၁၀ | - | - | - | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်း | မျိုး | ၅ | ၂ | ၁ | ၁ | ၁ | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၆ | ၁ | ၅ | - | - | - | - | |
| ၅ | ဆေးနှင့် ဆေးပစ္စည်း | ဗူး | ၁၂၅ | - | - | - | - | ၁၂၅ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| | | မျိုး | ၁ | - | ၁ | - | - | - | - | |

ဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၆၉၀၆ | ၂၅၉၀ | ၂၀၀ | ၉၇၇ | ၅၀ | ၂၈၃၀ | ၂၅၉ | နေပြည်တော် ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ဗူး | ၁၀၅ | ၃၈ | ၅၈ | ၄ | ၅ | - | - | |
| | | ခု | ၈၄ | ၃၁ | ၄၇ | ၂ | ၄ | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်း | မျိုး | ၈ | ၆ | ၂ | - | - | - | - | |
| | | ဗူး | ၃၃၇ | ၃၃၇ | - | - | - | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၂၇ | ၉ | ၁၂ | ၄ | ၂ | - | - | |
| | | ထုပ် | ၁၁၅၂ | ၄၂၆ | ၆၄၅ | ၄၆ | ၃၅ | - | - | |
| | | ဗူး | ၁၄၁၅ | ၅၂၃ | ၇၉၂ | ၄၃ | ၅၇ | | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၅ | ဆေးနှင့် ဆေးပစ္စည်း | မျိုး | ၃၃ | - | - | - | ၂ | ၃၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| | | အိတ် | ၁၅၀၀၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | - | - | |

ဘေးသင့်ပြည်သူများအတွက် Singapore Red Cross Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လျှပ်စစ်ပစ္စည်း | ဗူး | ၂၁၅ | ၈၀ | ၁၂၀ | ၉ | ၆ | - | - | |

ဘေးသင့်ပြည်သူများအတွက် ဘယ်လာရုစ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၁၅ | - | - | - | - | - | ၁၅ | နေပြည်တော် ဝန်ကြီးဌာန/အဖွဲ့အစည်း များသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | စားသောက်ကုန်ပစ္စည်း | ဗူး | ၈၁၅ | ၃၀၂ | ၄၅၆ | ၃၃ | ၂၄ | - | - | |
| ၃ | လူသုံးကုန်ပစ္စည်းများ | ထုပ် | ၂၉၉ | ၁၁၁ | ၁၆၇ | ၁၂ | ၉ | - | - | |

ဘေးသင့်ပြည်သူများအတွက် လာအိုနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |

ဘေးသင့်ပြည်သူများအတွက် ပါကစ္စတန်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၈၅၀ | - | ၆၁ | ၂၀၀ | - | ၅၈၉ | - | နေပြည်တော် ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | စားသောက်ကုန်ပစ္စည်း | မျိုး | ၃ | ၁ | ၁ | ၁ | - | - | - | |
| ၃ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၃ | ၁ | ၁ | - | - | - | ၁ | ဆက်လက်ဖြန့်ခွဲပါမည်။ |
| ၄ | ဆေးနှင့်ဆေးပစ္စည်း | မျိုး | ၁ | - | - | - | - | ၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

ဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၃၀၀ | ၁၈၀ | - | - | - | ၁၄ | ၁၀၆ | နေပြည်တော် ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ဖြန့်ခွဲရန် ဖြစ်ပါသည်။ |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၂ | မီးစက် | လုံး | ၁၀ | ၁၀ | - | - | - | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်း | မျိုး | ၈ | ၈ | - | - | - | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၂ | ၂ | - | - | - | - | - | |
| ၅ | အိမ်သုံးပစ္စည်း | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၆ | လျှပ်စစ်ပစ္စည်း | မျိုး | ၂ | - | ၂ | - | - | - | - | |

ဘေးသင့်ပြည်သူများအတွက် ဘရူနိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Hygiene Kit | ဖာ | ၅၀၀ | - | | - | ၅၀၀ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်း | မျိုး | ၁ | - | | - | ၁ | - | - | |

ဘေးသင့်ပြည်သူများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၃၆၀ | - | ၃၆၀ | - | - | - | - | မန္တလေး (တံတားဦး) လေဆိပ်သို့ ရောက်ရှိပါသည်။ |
| ၂ | တာပေါ်လင် | လိပ် | ၄၁၅ | - | ၄၁၅ | - | - | - | - | |
| ၃ | မီးစက် | လုံး | ၃၆ | - | ၃၆ | - | - | - | - | |
| ၄ | စားသောက်ကုန်ပစ္စည်း | မျိုး | ၃ | - | ၃ | - | - | - | - | |
| ၅ | လူသုံးကုန်ပစ္စည်း | မျိုး | ၃ | | ၃ | | | | - | |
| ၆ | အိမ်သုံးပစ္စည်း | မျိုး | ၂ | - | ၂ | - | - | - | - | |

ဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | | | |
| ၁ | မိုးကာတဲ | လုံး | ၁၀၀ | - | ၁၀၀ | - | - | - | မိုးကာတဲ ၁၀၀ လုံး၊ တာပေါ်လင် ၄ အိတ်၊ ရေသန့်စက် ၁၀၀၃ လုံး၊ မီးစက် ၅ လုံး၊ စားသောက်ကုန် ပစ္စည်း ၁ မျိုး၊ လူသုံးကုန် ပစ္စည်း ၃ မျိုး၊ ဆေးနှင့် ဆေးပစ္စည်း ၇ မျိုး တို့သည် မန္တလေး (တံတားဦး) လေဆိပ်သို့ ရောက်ရှိပါသည်။ |
| ၂ | တာပေါ်လင် | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | |
| | | အိတ် | ၄ | - | ၄ | - | - | - | |
| ၃ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | |
| ၄ | မီးစက် | လုံး | ၅ | - | ၅ | - | - | - | |
| ၅ | Hygiene Kit | ဖာ | ၁၇၀ | ၁၇၀ | - | - | - | - | |
| ၆ | Kitchen Set | ဖာ | ၇၀ | ၇၀ | - | - | - | - | |
| ၇ | Sleeping Bags | ဖာ | ၃၂ | ၃၂ | - | - | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း | ဖာ | ၂၀၈ | ၂၀၈ | - | - | - | - | |
| | | မျိုး | ၄၆ | ၁ | ၃၀ | ၁၅ | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းများ | ဖာ | ၅၁ | ၅၁ | - | - | - | - | |
| | | မျိုး | ၃ | - | ၃ | - | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၂၆ | - | ၁၆ | ၁၀ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်း | ဖာ | ၁၆ | ၁၆ | - | - | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း | ဖာ | ၂၆ | ၂၆ | - | - | - | - | |
| | | မျိုး | ၁၂၆ | - | ၇ | - | ၁၁၉ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | ၁၁၆ | - | |

ဘေးသင့်ပြည်သူများအတွက် UAE နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၅၅၈ | - | ၃၀ | - | - | ၂၄၃ | ၂၈၅ | နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | စားသောက်ကုန်ပစ္စည်း | ဖာ | ၉၆၀ | ၂၄၄ | ၆၇၀ | ၂၀ | ၂၆ | - | - | |
| ၃ | ဆေးနှင့်ဆေးပစ္စည်း | ဖာ | ၁၂၅၀ | - | - | - | - | ၁၂၅၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

ဘေးသင့်ပြည်သူများအတွက် ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၂၉၆၅ | - | ၅၀ | - | - | ၁၈၈ | ၂၇၂၇ | နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | တာပေါ်လင်/မိုးကာစ | ထုပ် | ၂၃၅ | - | - | - | - | ၁၁၈ | ၁၁၇ | |
| ၃ | Sleeping Bags | ခု | ၃၀ | ၃၀ | - | - | - | - | - | |
| ၄ | စားသောက်ကုန် | ဖာ | ၇၃၇၈ | ၅၉၁၆ | ၁၂၉၉ | ၉၃ | ၇၀ | - | - | |
| | | မျိုး | ၁ | - | ၁ | - | - | - | - | |
| ၅ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၁ | - | ၁ | - | - | - | - | |

စာမျက်နှာ ၁၁ သို့




အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းမြို့ ပမ္မဝတီရေတပ်စခန်းဌာနချုပ်၌ ရေကြောင်းလူငယ်အခြေခံ၊ တန်းမြင့်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



ဧရာဝတီရေတပ်စခန်းဌာနချုပ် ရေကြောင်းလူငယ်အခြေခံ၊ တန်းမြင့်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



ရန်ကုန်သင်တန်းစခန်း၌ အခြေခံလေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

▼ *ကျောဖုံးမှ*

ပင်လယ်ရေကြောင်းပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍအရေးပါကြောင်း လူငယ်များ သိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ် အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့်ရေကြောင်း လူငယ်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) တို့ကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ယနေ့ နံနက်ပိုင်းတွင် တစ်ချိန်တည်းဖွင့်လှစ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၀၀ တို့ဖြင့် အသီးသီး ဖွင့်လှစ်ကြပြီး အဆိုပါသင်တန်းဖွင့်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ *စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၀ မှ*

### ဘေးသင့်ပြည်သူများအတွက် AHA Centre မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၄၅၀ | - | - | - | - | ၄၅၀ | - | |
| ၂ | တာပေါ်လင်/မိုးကာစ | ချပ် | ၇၇၀ | - | ၁၅၆ | ၁၂ | - | ၂၇၆ | ၃၂၆ | နေပြည်တော်ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| | | ထုပ် | ၂၅၀ | ၄ | ၅ | ၁ | - | - | ၂၄၀ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၂၅၈၆ | ၉၅၇ | ၁၄၄၈ | ၇၈ | ၁၀၃ | - | - | |
| ၄ | Kitchen Set | စုံ | ၂၀၆၄ | ၄၅၄ | ၆၈၈ | ၈၈၅ | ၃၇ | - | - | |
| ၅ | လူသုံးကုန်ပစ္စည်းများ | ဖာ | ၁၇၅ | ၆၅ | ၉၈ | ၇ | ၅ | - | - | |

### ဘေးသင့်ပြည်သူများအတွက် နီပေါနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီး ဌာန | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၂၇၀ | - | - | - | - | ၁၀၀ | ၁၇၀ | နေပြည်တော်ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | Kitchen Set | ဖာ | ၉၈ | ၃၆ | ၅၅ | ၃ | ၄ | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်း | ဖာ | ၁၁ | ၄ | ၅ | ၁ | ၁ | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| ၅ | အိမ်သုံးပစ္စည်း | မျိုး | ၈ | ၃ | ၃ | ၁ | ၁ | - | - | |



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အခြေခံလေကြောင်းလူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လေကြောင်းလူငယ်အခြေခံ၊ တန်းမြင့်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူသင်တန်းစခန်း၌ အခြေခံလေကြောင်းလူငယ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နမ့်စန်လေတပ်စခန်း၌ အခြေခံလေကြောင်းလူငယ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

*စာမျက်နှာ ၁၁ မှ*

တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းစတုတ္ထပတ်၌ ရန်ကုန်မြို့တွင် စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ အထင်ကရနေရာများ၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ လေ့လာရေးနှင့် စစ်ရေယာဉ်လေ့လာရေးများအပြင် ရန်ကုန်မြစ်ဝသို့ ရေလမ်းကြောင်းလေ့လာရေးခရီးစဉ် ပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို မေ ၂၃ ရက်အထိ ရက်သတ္တ ငါးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းများကို ၁၉၅၉ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၇၅၀ တို့အား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သင်တန်းစခန်း အပါအဝင် သင်တန်းစခန်း ၁၅ ခု၌ ကျင်းပသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နေပြည်တော်သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော် အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခြေခံလေကြောင်း လူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ (လက်နက်မဲ့) ဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာအခြေခံဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ (လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်းဘာသာရပ်များ ထည့်သွင်းပို့ချပေးသွားမည်ဖြစ်ပြီး တပ်မတော်(လေ)တွင်ရှိသောပျံသန်းရေးအုပ်များ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် သင်တန်းစခန်းများအလိုက် ထူးချွန်သင်တန်းသားများအား အမောင်းသင်လေယာဉ်၊ ရဟတ်ယာဉ်များကို နည်းပြဆရာများနှင့်အတူ ကိုယ်တိုင် လိုက်ပါမောင်းနှင်ပျံသန်းခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေ၌ စုဖွဲ့ချိန်တွင်လည်း အခြေခံလေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ(လက်နက်မဲ့) ပြိုင်ပွဲ၊ RC Simulator နှင့် RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ (လက်နက်ပါ)ပြိုင်ပွဲ၊ Flight Simulator နှင့် RC လေယာဉ်၊ ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တပ်မတော်လေယာဉ်နှင့် တပ်မတော်စစ်ရေယာဉ်များကိုပါ လိုက်ပါစီးနင်းခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် အတွေ့အကြုံအသစ်များ ဗဟုသုတအသစ်များ ရရှိမည် ဖြစ်သည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် တာဝန်ရှိသူများက သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော် (လေ) ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာပြည် မြောက်ပိုင်းသင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ မင်္ဂလာဒုံမြို့တွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင် တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မကွေးသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်သင်တန်းစခန်းတို့အား တစ်ပြိုင်နက်တည်း ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများအား ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်မှ မေ ၂၃ ရက် အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

**နေပြည်တော် ဧပြီ ၂၂** နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၂) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

(၁)ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုတာကတော့ နိုင်ငံအတွက် မဖြစ်မနေ ထမ်းဆောင်သင့်တဲ့ သတ်မှတ်ပေးထားတဲ့အတွက်ကြောင့် နိုင်ငံအတွက် မဖြစ်မနေ ထမ်းဆောင်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ သင်တန်းပြီးသွားတဲ့ကာလ ကျွန်တော်တို့အတွက် အကျိုးအမြတ် အများကြီးရှိမှာပါ။ ကျွန်တော်တို့ လူငယ်အများစုက လွတ်လွတ်လပ်လပ်နေကြရတယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပိတ်မိနေတာ အများကြီးရှိပါတယ်။ အဲဒီအတွက်ကြောင့် တပ်ထဲရောက်လာတဲ့အခါ စည်းမျဉ်းစည်းကမ်းတွေ၊ လူမှုဘဝနေထိုင်မှုနဲ့ ပတ်သက်တဲ့ အရာတွေ သင်ယူပြီးသားဖြစ်သွားမှာဖြစ်တဲ့အတွက် လုပ်ငန်းပိုင်းရော လူမှုဆက်ဆံရေးပါ အများကြီးအဆင်ပြေ တိုးတက်သွားလိမ့်မယ်လို့ ထင်ပါတယ်။ သင်တန်းကာလမှာ ကျွန်တော်တို့ကြုံခဲ့ရတာတွေနဲ့ အပြင်မှာကြားနေရတဲ့ဟာတွေက ဆိုရှယ်မီဒီယာပေါ်မှာမြင်နေရတဲ့ဟာတွေနဲ့တခြားဆီပဲမို့ ကြောက်စရာမကောင်းတာမို့ သိပ်ပြီးခေါင်းထဲမှာ pressure မများပါနဲ့၊ အကယ်၍ ကိုယ်တာဝန်ကျတာပဲဖြစ်ဖြစ်၊ ကိုယ့်အသိစိတ်နဲ့ပဲဖြစ်ဖြစ် ဝင်လာမယ်ဆိုရင် ကိုယ့်ရှေ့က လူတွေကလည်း အများကြီးကြိုဆိုနေမှာ ဖြစ်တဲ့အတွက် ရဲရဲကြီးဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။

(၂)နိုင်ငံသားတစ်ယောက်ဖြစ်လာတဲ့အတွက် ဒီနိုင်ငံကချမှတ်ထားတဲ့ဥပဒေကိုလေးစားလိုက်နာဖို့လည်းလိုအပ်တယ်။ အဲဒီအတွက် ကျွန်တော်က ပြည်သူ့စစ်မှုထမ်းဥပဒေထဲမှာ ကျွန်တော်လည်း အသက်အကန့်အသတ်ထဲမှာ ပါဝင်တဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် နိုင်ငံသားတာဝန်ကျေပွန်ဖို့အတွက် စစ်မှုထမ်းဝင်ရောက်လာခြင်း ဖြစ်ပါတယ်။ ရှေ့လျှောက်ပြီး သင်တန်းကာလပြီးသွားတဲ့ အခါမှာ ကိုယ်တာဝန်ထမ်းဆောင်ရမယ့် မိခင်တပ်ရင်းကို ရောက်တဲ့အခါမှာလည်း တပ်မတော်ကပေးအပ်တဲ့ တာဝန်တွေနဲ့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်သွားဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။ **သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



(၁) ပြည်သူ့စစ်မှုထမ်း သင်တန်းသားတစ်ဦး



(၂) ပြည်သူ့စစ်မှုထမ်း သင်တန်းသားတစ်ဦး





တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သင်တန်းမှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။





တိုင်းစစ်ဌာနချုပ်များ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

# နှစ်နိုင်ငံကြား မဟာမိတ်ဖွဲ့မှု အားကောင်းလာစေရန် လက်တွဲလုပ်ဆောင်သွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ပြော




ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျော့ဂျ်ဂလက်စ်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရု။

**တိုကျို မေ ၂၂**

နှစ်နိုင်ငံကြား မဟာမိတ်ဖွဲ့မှု အားကောင်းလာစေရန် လက်တွဲလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရုက ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျော့ဂျ် ဂလက်စ်ကို ပြောကြားလိုက်သည်။

အီရှီဘာသည် ဂလက်စ်ကို ဝန်ကြီးချုပ်ရုံးတွင် မေ ၂၂ ရက်က လက်ခံတွေ့ဆုံခဲ့သည်။ အသစ်ခန့်အပ်လိုက်သည့် အမေရိကန်သံအမတ်ကြီးသည် ဂျပန်နိုင်ငံကို လွန်ခဲ့သည့်သီတင်းပတ်က ရောက်ရှိလာခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ရှုမြင်ပုံကို အလေးထားလျက် ဂျပန်နှင့် အမေရိကန်တို့၏ မဟာမိတ်ဖြစ်မှု အားကောင်းလာစေမည့် နည်းလမ်းများနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် လုပ်နိုင်သမျှ လုပ်ဆောင်သွားလိုကြောင်းလည်း အီရှီဘာက ပြောသည်။

ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ရှည်လျားသော ဆက်ဆံရေးသမိုင်းကြောင်းရှိကြောင်း၊ ၎င်းတို့၏ ခင်မင်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ဂျပန်နိုင်ငံနှင့်အတူ လက်တွဲလုပ်ဆောင်လိုကြောင်း ဂလက်စ်က ပြောသည်။

အီရှီဘာနှင့် ဂလက်စ်တို့သည် နှစ်နိုင်ငံအခွန်စည်းကြပ်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံ အိုကီနာဝါနှင့် အခြားဒေသများတွင် ဖြစ်ပွားခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ရာဇဝတ်ပြစ်မှုများနှင့် မတော်တဆမှုများကို အီရှီဘာက ရည်ညွှန်းပြောဆိုခဲ့သည်။

ဂျပန် – အမေရိကန်မဟာမိတ်ဆက်ဆံရေးတွင် ယုံကြည်ချက်တိုးတက်လာစေရန် အဆိုပါကိစ္စရပ်များကို သင့်တော်သလိုဆောင်ရွက်ပေးရန် အရေးကြီးကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ နောက်ထပ်ကိစ္စရပ်တွေ မဖြစ်အောင်လည်း ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားခဲ့သည်။ ဂလက်စ်က လည်း အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ နှစ်နိုင်ငံစီးပွားရေးကို အလေးပေးဆွေးနွေးခဲ့ကြောင်း ဆွေးနွေးပွဲအပြီး အမေရိကန်သံအမတ်ကြီးက သတင်းထောက်များကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# နာဆာနှင့် SpaceX ပူးပေါင်းပြီး အိုင်အက်စ်အက်စ်သို့ ထောက်ပံ့ရေးဝန်ဆောင်မှုမစ်ရှင်အသစ် အာကာသယာဉ်လွှတ်တင်

**လော့စ်အိန်ဂျလိစ် မေ ၂၂**

နာဆာနှင့် SpaceX တို့သည် စီးပွားဖြစ်ထောက်ပံ့ရေး ဝန်ဆောင်မှုမစ်ရှင်အသစ် အာကာသယာဉ်ကို နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ် အက်စ်) သို့ မေ ၂၁ ရက်တွင် လွှတ်တင်လိုက်ကြောင်း သိရသည်။

SpaceX ဒရက်ဂွန်အာကာသယာဉ်ကို အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ဖလော်ရီဒါပြည်နယ်ရှိ နာဆာ၏ ကနေဒီအာကာသစင်တာမှ ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၅ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အာကာသယာဉ်သည် မေ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် အိုင်အက်စ်အက်စ်နှင့် အလိုအလျောက် ချိတ်ဆက်ရန် စီစဉ်ထားသည်။

ယင်းမစ်ရှင်က ကမ္ဘာပတ်လမ်းအတွင်းရှိ ဓာတ်ခွဲခန်းသို့ သိပ္ပံဆိုင်ရာ သုတေသနနှင့် နည်းပညာသရုပ်ပြမှု အမျိုးမျိုးကို ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ လွှတ်တင်မှုသည် SpaceX နှင့် ပူးပေါင်းဆောင်ရွက်သော နာဆာ၏ (၃၂) ကြိမ်မြောက် စီးပွားဖြစ်ထောက်ပံ့ရေး မစ်ရှင်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်

**ဂျကာတာ မေ ၂၂**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိငလျင်တစ်ခုလှုပ်ခတ်မှု ဖြစ်ပွားခဲ့သော်လည်း ဆူနာမီလှိုင်းလုံးကြီးများ ဖြစ်ပေါ်နိုင်ခြေမရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောသည်။

ယင်းငလျင်မှာ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၇ မိနစ်တွင် ကီပူလောင် တာလောက်ဒ်ဒေသ၏ အရှေ့တောင်ဘက် ၆၇ ကီလိုမီတာခန့်အကွာ ပင်လယ်ကြမ်းပြင်အောက် အနက် ၁၀၇ ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာနိုင်ခြေမရှိသည့်အတွက် အဆိုပါအေဂျင်စီက ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးတောင်ရပ်ဝန်းတွင် တည်ရှိသောကြောင့် မကြာခဏ ငလျင်လှုပ်ခတ်လေ့ရှိကြောင်းနှင့် မီးတောင်ရှင် ၁၂၇ ခုရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်

**မနီလာ မေ ၂၂**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာအို အိုဆီဒန်တယ်ပြည်နယ် ကမ်းလွန်ပင်လယ်ပြင်တွင် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု မေ ၂၂ ရက် ညနေပိုင်းက လှုပ်ခဲ့ကြောင်း မီးတောင်ဗေဒနှင့် ငလျင်ဗေဒဌာနက ပြောသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၇ မိနစ်တွင် ဖြစ်ပွားခဲ့သော အဆိုပါငလျင်သည် ဆာရန်ဂါနီကျွန်း၏ အရှေ့တောင်ဖက် ၂၉၅ ကီလိုမီတာခန့် မြေအောက် အနက် ၁၁၇ ကီလိုမီတာကို ဗဟိုပြုလှုပ်ခဲ့သည်။

ပြတ်ရွှေ့ငလျင်သည် ငလျင်ယယ်များကို ဖြစ်စေကြောင်းနှင့် ပျက်စီးမှုများ ဖြစ်စေနိုင်ကြောင်း မီးတောင်ဗေဒနှင့် ငလျင်ဗေဒဌာနကပြောသည်။

ငလျင်ကြောင့် သိသာထင်ရှားသည့် သေဆုံးမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှု ဖော်ပြချက်မျိုး မတွေ့ရသေးချေ။

၎င်းငလျင်ကြောင့် ဂျင်နရယ်ဆန်တိုမြို့နှင့် ဆာရန်ဂါနီ၊ ကိုတာဘာကို တောင်ပိုင်းနှင့် ဆူလ်တန်ကူဒါရတ် ပြည်နယ်များတွင် လှုပ်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။

ပစိဖိတ်မီးတောင် ရပ်ဝန်းတွင် တည်ရှိသည့်အတွက် ဖိလစ်ပိုင်တွင် မကြာခဏ ငလျင်လှုပ်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် မေလမှ ဇူလိုင်လအထိ အပူချိန်ပိုလာမည်

**တိုကျို မေ ၂၂**

ဂျပန်နိုင်ငံတစ်ဝန်း မေလမှ ဇူလိုင်လအထိ အပူချိန်မြင့်တက်လာမည်ဖြစ်ကြောင်း ဂျပန် မိုးလေဝသအရာရှိများက ပြောကြားလိုက်သည်။

ဂျပန်မိုးလေဝသဌာနက မေ ၂၂ ရက်တွင် သုံးလတာ ကြိုတင်ခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်။ ပစိဖိတ်လေဖိအားနည်းရပ်ဝန်းသည် ဂျပန်နိုင်ငံသို့ ရွေ့လျားလာကြောင်း၊ ထို့ကြောင့် နွေးသောလေများသည် ဂျပန်နိုင်ငံ၏အဓိကကျွန်းကို ဖုံးလွှမ်းထားကြောင်း အဆိုပါခန့်မှန်းချက်တွင် ဖော်ပြထားသည်။




အဆိုပါဖြစ်စဉ်ကြောင့် လည်းကောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့်လည်းကောင်း မေလ ပျမ်းမျှအပူချိန်သည် မြောက်ပိုင်းနှင့် အနောက်ပိုင်းတွင် ပုံမှန်ထက် ပိုနိုင်ကြောင်း၊ အိုကီနာဝါနှင့် အမာမီဒေသများတွင် ပုံမှန်အတိုင်းဖြစ်နိုင်ကြောင်း ခန့်မှန်းထားသည်။

ဇွန်လနှင့် ဇူလိုင်လတွင် ဂျပန်နိုင်ငံတစ်ဝန်း ပုံမှန်ထက် အပူချိန်ပိုနိုင်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီက ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



# နီပေါနိုင်ငံ၌ တစ်လအတွင်း မီးလောင်မှုများကြောင့် လူပေါင်း ၁၅ ဦးသေဆုံးပြီး ၉၆ ဦး ထိခိုက်ဒဏ်ရာရရှိ

**ခတ္တမန္ဒူ မေ ၂၂**

နီပေါနိုင်ငံ၌ မတ် ၁၄ ရက်မှ မေ ၁၃ ရက်ကြား မီးလောင်မှု ၁၃၂၀ မှု ဖြစ်ပွားခဲ့ပြီး ကလေးငယ်တစ်ဦးအပါအဝင် ၁၅ ဦး သေဆုံးမှုဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က မေ ၂၂ ရက်တွင် ပြောသည်။

ထို့အပြင် အဆိုပါဖြစ်ရပ်ကြောင့် လူပေါင်း ၉၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ နေအိမ် ၃၅၄ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ တိရစ္ဆာန် ၃၀၆ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အမေရိကန် ဒေါ်လာ ၃ ဒသမ ၈၆ သန်း တန်ဖိုးရှိသော ပစ္စည်းဥစ္စာများ ပျက်စီးဆုံးဆုံးရှုံးခဲ့ကြောင်းလည်း သိရသည်။ မီးလောင်မှုများအနက် ၄၃၄ ခုမှာ မက်ဒက်ရှ် ပြည်နယ်မှဖြစ်ပြီး ၂၂၇ ခုမှာ လုမ္ဗိနီပြည်နယ်မှ ဖြစ်သည်။

**ဆင်ဟွာ**

# ယခုနှစ် ဖေဖော်ဝါရီလ၏ ကမ္ဘာတစ်ဝန်း ထူးထူးခြားခြား ဖြစ်စဉ်များ

■ လင်းလက်ကြယ်

**ဖေဖော်ဝါရီ ၂**

**ဘင်္ဂလားဒေ့ရှ်၌ လူပေါင်းတစ်သိန်းမှာ ၁၀၆ ဦး ကင်ဆာရောဂါခံစားနေရ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူပေါင်းတစ်သိန်းမှာ ၁၀၆ ဦး ကင်ဆာရောဂါခံစားနေကြရတယ်လို့ ဘန်ဂါဘန်ဒူရှိတ်မူ ဂျစ်ဆေးဘက်ဆိုင်ရာ တက္ကသိုလ် (ဘီအက်စ်အမ်အမ်ယူ) က ဖေဖော်ဝါရီ ၂ ရက်မှာ ဆိုထားပါတယ်။ အဲဒီရောဂါဟာ နိုင်ငံအတွင်း စုစုပေါင်းသေဆုံးမှုရဲ့ ၁၂ ရာခိုင်နှုန်းရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကင်ဆာရောဂါ အမျိုးအစားပေါင်း ၃၈ ခုကို တွေ့ရှိထားပြီး အများစုမှာ ရင်သား၊ ပါးစပ်၊ အစာအိမ်၊ အသက်ရှူလမ်းကြောင်းနဲ့သားအိမ်ခေါင်းကင်ဆာတို့ ဖြစ်ပါတယ်။ ကင်ဆာလူနာ ၉၃ ရာခိုင်နှုန်းမှာ အသက် ၁၈ နှစ်မှ ၇၅ နှစ်ကြား ဖြစ်ပြီး ၂ ဒသမ ၄ ရာခိုင်နှုန်းမှာ ကလေးအရွယ်များဖြစ်ပြီး ၅ ဒသမ ၁ ရာခိုင်နှုန်းမှာ အသက် ၇၅ နှစ်ကျော်အရွယ်များ ဖြစ်ပါတယ်။ အမျိုးသမီးကင်ဆာဝေဒနာရှင်များအနက် ၁၉ ရာခိုင်နှုန်းမှာ မျိုးပွားခြင်းနဲ့ ဆက်စပ်နေပြီး ယင်းတို့အထဲမှ ၁၁ ရာခိုင်နှုန်းမှာ သားအိမ်ခေါင်းကင်ဆာ၊ ၅ ရာခိုင်နှုန်းမှာ သားဥအိမ်ကင်ဆာနဲ့ ၃ ရာခိုင်နှုန်းမှာ သားအိမ်ကင်ဆာတို့ ဖြစ်ပါတယ်။ **ဆင်ဟွာ**



**ဖေဖော်ဝါရီ ၃**

**မွန်ဂိုလီးယားနိုင်ငံရဲ့ နယ်မြေ ၈၀ ရာခိုင်နှုန်းခန့် ဆီးနှင်းတွေ ဖုံးလွှမ်း**

ဖေဖော်ဝါရီ ၃ ရက်မှာ မွန်ဂိုလီးယားနိုင်ငံရဲ့ နယ်မြေ ၈၀ ရာခိုင်နှုန်းခန့်မှာ ဆီးနှင်းတွေ ဖုံးလွှမ်းခဲ့တယ်လို့ အမျိုးသား မိုးလေဝသနဲ့ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်ရေးအေဂျင်စီက ပြောပါတယ်။ ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံနယ်မြေ စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ၆၀ စင်တီမီတာထူထပ်တဲ့ ဆီးနှင်းတွေ ဖုံးလွှမ်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဆောင်းရာသီမှာ မွန်ဂိုလီးယားနိုင်ငံ နယ်မြေရဲ့ ၉၀ ရာခိုင်နှုန်းခန့် ၁၀၀ စင်တီမီတာအထူရှိတဲ့ ဆီးနှင်းတွေ ဖုံးလွှမ်းမှု ဖြစ်ပွားခဲ့တာကြောင့် ၁၉၇၅ ခုနှစ်နောက်ပိုင်း စံချိန်တင် ဆီးနှင်းထူထပ်စွာကျဆင်းမှုနဲ့ အတူ ဆယ်စုနှစ်တွေအတွင်း အအေးလွန်ကဲမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါ့အပြင် အလွန်ဆိုးရွားတဲ့ ရာသီဥတုကြောင့် မွေးမြူရေးတိရစ္ဆာန် သန်းနဲ့ချီသေဆုံးကာ ကျွဲ၊ နွားထိန်းကျောင်းသူတွေနဲ့ ကျေးလက်စီးပွားရေးကို အကြီးအကျယ် ထိခိုက်မှုလည်း ဖြစ်ပွားခဲ့ပါတယ်။ **ဆင်ဟွာ**

**ဖေဖော်ဝါရီ ၄**

**အာဖရိကဦးချိုဒေသမှာ ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်း ၂၀ ဒသမ ၇၅ သန်းခန့်ရှိ**

အာဖရိကဦးချိုဒေသမှာ ပြည်တွင်းနေရပ်စွန့်ခွာသူ (အိုင်ဒီပီ) အရေအတွက်မှာ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၂၀ ဒသမ ၇၅ သန်းအထိ မြင့်တက်ခဲ့တယ်လို့ ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့က ဖေဖော်ဝါရီ ၄ ရက်မှာ ပြောပါတယ်။ ပြည်တွင်းနေရပ်စွန့်ခွာသူ အရေအတွက်မှာ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှာ ၂၀ ဒသမ ၄၂ သန်းရှိရာမှ နှစ်ကုန်ပိုင်းမှာ မြင့်တက်လာတာ ဖြစ်ပါတယ်။ ဒါ့အပြင် အဲ့ဒီလိုဖြစ်ပွားရခြင်းမှာ ဆူဒန်နိုင်ငံမှာ ပဋိပက္ခဖြစ်ပွားမှုကြောင့် ရွှေ့ပြောင်းနေထိုင်သူများ တစ်ဟုန်ထိုး မြင့်တက်လာတာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ မဟာအာဖရိကဦးချိုဒေသမှာ ဒုက္ခသည်နဲ့ ခိုလှုံခွင့်တောင်းခံသူ အရေအတွက်မှာ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှာ ၅ ဒသမ ၁ သန်းသာရှိပေမယ့် နှစ်ကုန်ပိုင်းမှာ ၅ ဒသမ ၅ သန်းခန့် မြင့်တက်လာပါတယ်။ **ဆင်ဟွာ**

**ဖေဖော်ဝါရီ ၉**

**အာဖဂန်နစ္စတန် အာဏာပိုင်တွေက နိုင်ငံမြောက်ပိုင်းမှာ မြို့သစ်တည်**

အာဖဂန်နစ္စတန်နိုင်ငံ အာဏာပိုင်တွေက နိုင်ငံမြောက်ပိုင်း ခွန်ဒူးစ်ပြည်နယ်မှာ မြို့သစ်တည်ဖို့ ဖေဖော်ဝါရီ ၉ ရက်က အုတ်မြစ်ချပွဲအခမ်းအနားပြုလုပ်ခဲ့ပါတယ်။ အဲဒီမြို့သစ်ကို ၃၅ ဧက ကျယ်ဝန်းတဲ့ မြေပေါ်မှာ နှစ်နှစ်အတွင်း ဆောက်လုပ်သွားမှာဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၈ သန်းကုန်ကျဖွယ်ရှိပါတယ်။ အဲဒီမြို့သစ်မှာ ဈေးတွေ၊ စာသင်ကျောင်းတွေ၊ ကျန်းမာရေးစင်တာတွေအပါအဝင် ခေတ်မီအဆောက်အအုံတွေ ပါဝင်မှာဖြစ်တယ်လို့ ဆောက်လုပ်ရေးကုမ္ပဏီအကြီးအကဲ မောလဝီအက်ဒူးလ်ဂါဖောရှာဟစ်ဇိုင်းက ပြောပါတယ်။ ယင်းစီမံကိန်းကို စတင်လိုက်ခြင်းက လူပေါင်းရာချီကို အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှာလည်း ဖြစ်ပါတယ်။ **ဆင်ဟွာ**

**ဖေဖော်ဝါရီ ၉**

**သီရိလင်္ကာနိုင်ငံက ၂၀၂၅ ခုနှစ်မှာ အုန်းပင် ၂ ဒသမ ၅ သန်း စိုက်ပျိုး**

သီရိလင်္ကာအုန်းသီး စိုက်ပျိုးရေးဘုတ်အဖွဲ့က ၂၀၂၅ ခုနှစ်မှာ အုန်းပင် ၂ ဒသမ ၅ သန်း စိုက်ပျိုးသွားမှာဖြစ်တယ်လို့ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်က ပြောပါတယ်။ သီရိလင်္ကာနိုင်ငံရဲ့ အုန်းအဓိက စိုက်ပျိုးရာဒေသဖြစ်တဲ့ မြောက်ပိုင်းအုန်းစိုက်ပျိုးရာ တြိဂံဒေသမှာ အုန်းပင်တစ်သန်းကို စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ သီရိလင်္ကာနိုင်ငံဟာ တစ်နှစ်မှာ အုန်းသီးအလုံးရေ သုံးဘီလီယံခန့် ထုတ်လုပ်ခဲ့သော်လည်း ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း အုန်းသီးထုတ်လုပ်မှု ၂ ဒသမ ၈၅ ဘီလီယံအထိ ကျဆင်းသွားခဲ့ပါတယ်။ **ဆင်ဟွာ**



**ဖေဖော်ဝါရီ ၁၀**

**အင်ဒိုနီးရှားနိုင်ငံမှာ နိုင်ငံအနှံ့ အခမဲ့ကျန်းမာရေး စစ်ဆေးမှု စတင်**

အင်ဒိုနီးရှားနိုင်ငံက ပြည်သူတွေရဲ့ ကျန်းမာရေး အရည်အသွေးကို မြှင့်တင်ဖို့နဲ့ ကာကွယ်နိုင်တဲ့ ရောဂါတွေကိုလျှော့ချဖို့ အမျိုးသားလှုပ်ရှားဆောင်ရွက်မှုအဖြစ် အခမဲ့ကျန်းမာရေးစစ်ဆေးမှု (စီကေဂျီ) အစီအစဉ်တစ်ရပ်ကို ဖေဖော်ဝါရီ ၁၀ ရက်မှာ စတင်ခဲ့ပါတယ်။ အဲဒီအစီအစဉ်က အင်ဒိုနီးရှားနိုင်ငံမှာ အဖြစ်များတဲ့ရောဂါတွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့သာ လုပ်ဆောင်တာဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာန အခြေခံနဲ့ လူမှုဗဟိုပြု ကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မာရီယာအန်းဒန်းဂ်ဆူမီဝီက ဆိုပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းအထိ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ လူပေါင်း ၁၇၀၀၀ ခန့် အခမဲ့ကျန်းမာရေးစစ်ဆေးမှုအစီအစဉ်မှာ ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။ အဲဒီအစီအစဉ်ရဲ့ ရည်ရွယ်ချက်မှာ ဖျားနာသူတွေကို ကုသခြင်းမျိုးမဟုတ်ဘဲ ဆောလျင်စွာ ရောဂါရှာဖွေခြင်းဖြင့် ဒေသခံတွေရဲ့ ကျန်းမာရေးကို မြှင့်တင်ဖို့ဖြစ်တယ်လို့ ၎င်းက ဆက်လက်ပြောပါတယ်။ **ဆင်ဟွာ**

**ဖေဖော်ဝါရီ ၁၆**

**မော်လ်ဒိုက်နိုင်ငံက ၂၀၂၅ ခုနှစ်မကုန်မီ သစ်ပင်နှစ်သန်း စိုက်ပျိုးသွားမှာ ဖြစ်**

မော်လ်ဒိုက်အစိုးရက သစ်ပင်ငါးသန်းစိုက်ပျိုးရေး အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေနဲ့ ၂၀၂၅ ခုနှစ်မကုန်မီမှာ သစ်ပင်နှစ်သန်း စိုက်ပျိုးသွားမှာဖြစ်တယ်လို့ ခရီးသွားလုပ်ငန်းနဲ့ သဘာဝပတ်ဝန်းကျင် လုပ်ငန်းဝန်ကြီး သောရစ် အီဗရာဟင်ရဲ့ ပြောကြားချက်ကို ပီအက်စ်အမ်သတင်းဌာနက ကိုးကားဖော်ပြထားပါတယ်။ သမ္မတ မိုဟာမက် မွိုင်ဇူ စတင်ခဲ့တဲ့ သစ်ပင်စိုက်ပျိုးရေးအစီအစဉ်က ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ဖို့၊ ဇီဝမျိုးစုံမျိုးကွဲတွေကို မြှင့်တင်ဖို့နဲ့ မျိုးတုန်းလုနီးဒေသ သစ်ပင်မျိုးစိတ်တွေကို ကာကွယ်ဖို့ ရည်ရွယ်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီအစီအစဉ်က ငါးနှစ်တာကာလအတွင်း အသီးအနှံအပင်နဲ့ ဟင်းသီးဟင်းရွက်အပင် အမျိုးပေါင်း ၉၀ ကို စိုက်ပျိုးသွားဖို့ ရည်ရွယ်ထားပြီး ယင်းသို့လုပ်ဆောင်မှုက နိုင်ငံရဲ့ ဂေဟစနစ်နဲ့ စားရေရိက္ခာဖူလုံမှုကို သိသိသာသာ အထောက်အကူပြုမှာဖြစ်တယ်လို့ ဆိုပါတယ်။ **ဆင်ဟွာ**

**ဖေဖော်ဝါရီ ၁၈**

**အင်ဒိုနီးရှားနိုင်ငံက ၂၀၃၀ ပြည့်နှစ်မတိုင်မီ လျှပ်စစ်ကား အားသွင်းစခန်းပေါင်း ၆၃၀၀၀ တည်ဆောက်မယ်**

အင်ဒိုနီးရှားနိုင်ငံက ၂၀၃၀ ပြည့်နှစ်မတိုင်မီ လျှပ်စစ်ကား (အီးဗွီ) အစီးရေ ၉၄၃၀၀၀ စီး ရှိလာနိုင်တယ်လို့ တွက်ဆထားတဲ့အတွက် အဲ့ဒီကားတွေကို အားပြန်လည်ဖြည့်သွင်းပေးနိုင်ဖို့ အားသွင်းစခန်းပေါင်း ၆၃၀၀၀ ကို တည်ဆောက်သွားဖို့ စီစဉ်နေတယ်လို့ စွမ်းအင်နဲ့သတ္တုအရင်းအမြစ်ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၈ ရက်မှာ ကြေညာထားပါတယ်။ နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီ PT PLN ရဲ့ အချက်အလက်တွေမှာ လတ်တလော အင်ဒိုနီးရှားနိုင်ငံနေရာအများအပြားမှာ အားသွင်းစခန်းပေါင်း ၃ ၂၃၃ ခု ရှိတယ်လို့ ဆိုပါတယ်။

လျှပ်စစ်အားသွင်းစခန်းတွေ တိုးချဲ့မှုက သွင်းကုန်စက်သုံးဆီအပေါ် မှီခိုမှုလျှော့ချဖို့၊ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချဖို့နဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ကူးပြောင်းမှုကို မြှင့်တင်ဖို့ ရည်ရွယ်ခြင်းဖြစ်တယ်လို့ လျှပ်စစ်ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဂျစ်မန်း ဟူတာ ဂျူလူက ဆိုပါတယ်။ လျှပ်စစ်ကားတွေနဲ့ အားသွင်းအခြေခံအဆောက်အအုံတွေ တိုးမြှင့်ခြင်းက စီးပွားရေးအကျိုးကျေးဇူးများ ရရှိစေတဲ့အပြင် ကာဗွန်ထုတ်လွှတ်မှုကို နှစ်စဉ်တန်ချိန် တစ်သန်းအထိ လျှော့ချပေးနိုင်မယ်လို့ ၎င်းက ပြောပါတယ်။ **ဆင်ဟွာ**

**ဖေဖော်ဝါရီ ၂၂**

**အီရန်တပ်မတော်က တောင်ပိုင်းရေပိုင်နက်မှာ အကြီးစားစစ်ရေးလေ့ကျင့်မှုစတင်**

အီရန်တပ်မတော်က နိုင်ငံရဲ့တောင်ဘက်ကမ်းရိုးတန်းနဲ့ ရေပြင်တစ်လျှောက်မှာ အကြီးစားပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၂ ရက်မှာ စတင်ခဲ့လုပ်ဆောင်ခဲ့ပါတယ်။ ဖားစ်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ ခြေလျင်တပ်၊ သံချပ်ကာတပ်၊ စက်ယန္တရားတပ်၊ လေကြောင်းရန်ကာကွယ်ရေးတပ်နဲ့ ရေတပ်တို့ ပါဝင်ပါတယ်။ **ဆင်ဟွာ**

**ဖေဖော်ဝါရီ ၂၅**

**အက်ပဲလ်က အမေရိကန်မှာ ကန်ဒေါ်လာ ၅၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမယ်**

လာမယ့်လေးနှစ်အတွင်း အမေရိကန်ပြည်ထောင်စုမှာ အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမယ် ဖြစ်တယ်လို့ Apple (အက်ပဲလ်) က ပြောပါတယ်။ အက်ပဲလ်က ၎င်းရဲ့ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုကို ဖေဖော်ဝါရီ ၂၄ ရက်မှာ ကြေညာခဲ့တာ ဖြစ်ပါတယ်။ အဲဒီအိုင်တီကုမ္ပဏီက မိတ်ဖက်တွေနဲ့အတူ အမေရိကန်နိုင်ငံ တောင်ပိုင်း တက္ကဆက်ပြည်နယ်မှာ စက်ရုံတစ်ရုံ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယင်းစက်ရုံက အက်ပဲလ်ရဲ့ ဉာဏ်ရည်တုနည်းပညာကို ပံ့ပိုးပေးတဲ့ ဆာဗာတွေကို ထုတ်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ အက်ပဲလ်ဟာ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆီလီကွန်အင်ဂျင်နီယာကဲ့သို့သော် နယ်ပယ်တွေမှာ ၎င်းတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀၀ ခန့် ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ **အင်န်အိတ်ချ်ကေ**

**ဖေဖော်ဝါရီ ၂၆**

**ဂြိုဟ်သိမ် ၂၀၂၄ ဝိုင်အာရ်၄ ကမ္ဘာကို အန္တရာယ်မပေးနိုင်**

ကနဦးမှာ အန္တရာယ်ရှိနိုင်တယ်လို့ သတ်မှတ်ထားတဲ့ ဂြိုဟ်သိမ် ၂၀၂၄ ဝိုင်အာရ်၄ မှာ ၂၀၃၂ ခုနှစ်နဲ့ ယင်းနောက်ပိုင်းမှာ ကမ္ဘာကို အန္တရာယ်မပေးနိုင်တော့ကြောင်း နာဆာက အတည်ပြုပြောကြားလိုက်ပါတယ်။ ဘောလုံးကွင်း တစ်ကွင်းအရွယ်အစားခန့်ရှိတဲ့ ကမ္ဘာနဲ့အနီးရှိ အဲဒီဂြိုဟ်သိမ်ကို ယမန်နှစ် ဒီဇင်ဘာလမှာ ပထမဆုံးအကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်ပါတယ်။ ကျွမ်းကျင်သူတွေက ကမ္ဘာကို ဂြိုဟ်သိမ်ဝင်တိုက်နိုင်ခြေ ၃ ရာခိုင်နှုန်းရှိတယ်လို့ ယခင်က ခန့်မှန်းခဲ့ကြသော်လည်း နောက်ပိုင်းမှာ ၀ ဒသမ ၂၈ ရာခိုင်နှုန်းသာ ရှိတော့တယ်လို့ ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။

နာဆာရဲ့ နောက်ထပ်စောင့်ကြည့်လေ့လာဆန်းစစ်မှုတွေအရ ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှာ ဂြိုဟ်သိမ်ရဲ့ သက်ရောက်မှုအလားအလာမှာ ၀ ဒသမ ၀၀၄ ရာခိုင်နှုန်းသာ ရှိတော့တယ်လို့ ကမ္ဘာအနီး အရာဝတ္ထုလေ့လာရေးဆိုင်ရာ စင်တာက ဆိုပါတယ်။ ဒါ့အပြင် အဲဒီဂြိုဟ်သိမ်က အနည်းဆုံး လာမည့်ရာစုနှစ်အထိ ကမ္ဘာကို အန္တရာယ်ဖြစ်ပေါ်စေမှာ မဟုတ်သော်လည်း လကိုရိုက်ခတ်နိုင်တဲ့ အလားအလာ ၁ ဒသမ ၇ ရာခိုင်နှုန်း ရှိနေသေးတယ်လို့ နာဆာက ဆိုပါတယ်။ **ဆင်ဟွာ**

# သကြားမုန်လာအကြောင်းသိကောင်းစရာ

**မယ်ဇံ**

သကြားသည် ကာဗွန်ဟိုက်ဒရိတ်အမျိုးအစားဖြစ်ပြီး အစားအစာ၊ အချိုရည်၊ အသီးများ၊ ဟင်းသီးဟင်းရွက်၊ နို့ထွက်ပစ္စည်းများတွင် ပါဝင်သည်။ အခြားသော အချိုရည်၊ စားသောက်ကုန်လုပ်ငန်းများတွင် အစားအစာများ ပြုပြင်ထိန်းသိမ်းရန်အတွက် သကြားကို ထည့်သွင်းအသုံးပြုကြသည်။ ထိုသို့ အစားအစာများ ထုတ်လုပ်ရန်အတွက် သကြားလိုအပ်ချက်ရှိလာသည်။ သကြားထုတ်လုပ်ရန်အတွက် သကြားထွက်သီးနှံများကို အသုံးပြုကြသည်။ သကြားထွက်သီးနှံများဖြစ်သည့် ကြံ၊ သကြားမုန်လာ၊ ထန်းပင်၊ နံ့စားပြောင်းချို၊ ပြောင်းချိုစသည့် သီးနှံများမှ ထုတ်ယူသော်လည်း သကြားကို ကြံနှင့် သကြားမုန်လာမှ အဓိက ထုတ်လုပ်သည်။

**နိုင်ငံပေါင်း ၅၇ နိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်**

သကြားမုန်လာပင်ဟု ခေါ်သော်လည်း မုန်လာဥ၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ မုန်ညင်း စသည်တို့နှင့် မျိုးရင်းချင်းမတူသည့်အပြင် မုန်လာဥဝါနှင့်လည်း မျိုးရင်းချင်းမတူဘဲ သကြားမုန်လာပင်သည် မူလတွင် ကက်စပီယံမြေထဲပင်လယ်ဒေသ၌ အလေ့ကျပေါက်သော အပင်တစ်မျိုးဖြစ်သည်။ ရှေးနှစ်ပေါင်း နှစ်ထောင်ခန့်တွင် ယင်းကို လူသားတို့သည် အစားအစာအဖြစ် စိုက်ပျိုးလာခဲ့ကြသည်။ ၁၈ ရာစုတွင် စတင်သကြားထုတ်လုပ်ရန် စမ်းသပ်ခဲ့သည်။ ယင်းသီးနှံကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၅၇ နိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိကာ ဥရောပဒေသတွင် အဓိကစိုက်ပျိုးကာ အာရှဒေသနှင့်မြောက်အမေရိကဒေသတွင် စိုက်ပျိုးမှုနည်းပါးသည်။ အများဆုံးစိုက်ပျိုးသော နိုင်ငံများမှာ ရုရှား၊ ယူကရိန်း၊ အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်၊ တူကီယဲ၊ တရုတ်၊ ပိုလန်၊ အီဂျစ်၊ ဗြိတိန်၊ အီရန်၊ ဘယ်လာရုစ်၊ နယ်သာလန်၊ အီတလီနှင့် ဘယ်ဂျီယံနိုင်ငံတို့ဖြစ်ပါသည်။

သကြားမုန်လာ၏ သိပ္ပံအမည်မှာ (Beta vulgaris L.) ဖြစ်ပြီး မျိုးရင်းမှာ Chenopodiaceae ဖြစ်ပါသည်။ သကြားမုန်လာပင်၏ အရွက်စိမ်းကြီးများသည် ထူ၍ အရည်ရွှမ်းသော အမျိုးအစား







Sugar Bee

ဖြစ်ပါသည်။ ဥများမှာ အဖြူမှ အနီရင့်ရင့်အထိ အရောင်အမျိုးမျိုး ရှိကြသည်။ တချို့ဥများမှာ ဘောလုံးကဲ့သို့ လုံး၍ တချို့မှာ ဂျင်ပုံသဏ္ဍာန်ရှိပြီး တချို့မှာမူ ရှည်မျောမျောရှိပါသည်။ သကြားမုန်လာသည် ကမ္ဘာ့သကြားထုတ်လုပ်မှုတွင် ကြံသီးနှံပြီးပါက ဒုတိယအရေးကြီးဆုံး သကြားထွက် သီးနှံတစ်ခုဖြစ်ပါသည်။ ကြံနှင့် သကြားမုန်လာမှ ရရှိသော သကြားကို အစားအစာ၊ အချိုရည်နှင့် အခြားသော စက်မှုလုပ်ငန်းများတွင် အသုံးပြုသည်။ သကြားတွင် အဓိက sucrose, glucose နှင့် fructose ပါဝင်ပါသည်။

**သကြားမုန်လာဥတွင် သကြားပါဝင်မှုနှုန်း**

သကြားမုန်လာသည် ကမ္ဘာ့သကြားထုတ်လုပ်မှု၏ ၂၁ ဒသမ ၈ ရာခိုင်နှုန်းပါဝင်ပြီး နှစ်နှစ်ခံ သို့မဟုတ် နှစ်ရာသီအပင်အမျိုးအစားဖြစ်သည်။ သကြားမုန်လာတွင် သကြားပါဝင်မှုမှာ ၂၀ ရာခိုင်နှုန်းပါဝင်ပါသည်။ သကြားမုန်လာတွင် ၉၀ ရာခိုင်နှုန်းသော သကြားကို ဥမှရရှိပြီး ကျန်ရှိနေသော ၁၀ ရာခိုင်နှုန်းကို Crown မှရရှိပါသည်။ ရိတ်သိမ်းပြီးသော သကြားမုန်လာတွင် ရေ (၇၅-၇၆ ရာခိုင်နှုန်း)၊ သကြား (၁၅-၂၀ ရာခိုင်နှုန်း)၊ သကြားပျက် (၂ ဒသမ ၆ ရာခိုင်နှုန်း)၊ ကြိတ်ဖတ် (၄-၆ရာခိုင်နှုန်း) ပါဝင်သည်။ သကြားမုန်လာတစ်တန်ကို ကြိတ်ခွဲပါက သကြား ၁၂၁ ကီလိုဂရမ်၊ တင်လဲရည် ၃၈ ကီလိုဂရမ်တွင် သကြား ၁၈ ဒသမ ၂ ကီလို၊ ၁၂ ဒသမ ၁ ကီလို သကြားပျက်၊ ၇ ဒသမ ၈ ကီလို ရေနှင့် ၅၀ ကီလို ကြိတ်ဖတ်တို့ ပါဝင်သည်။

သကြားမုန်လာသည် အအေးပိုင်းသီးနှံဖြစ်သော်လည်း ခေတ်မီသော မျိုးသစ်များ ထုတ်လုပ်၍ အပူပိုင်းနှင့် အပူသမပိုင်း ဒေသများတွင်လည်း ဆောင်းရာသီတွင် စိုက်ပျိုးနိုင်သည်။ အဓိကအားဖြင့် သကြားထုတ်လုပ်ရန် စိုက်ပျိုးကြပြီး တချို့သောဒေသများတွင် တိရစ္ဆာန်အစာအဖြစ် စိုက်ပျိုးကြသည်။ သကြားမုန်လာကို ကြိတ်ခွဲ၍ ရရှိလာသော ကြိတ်ဖတ်နှင့် တင်လဲရည်ကိုလည်း တိရစ္ဆာန်အစာဖြစ် အသုံးပြုကြသည်။ အီသနောကို သကြားပျက်၊ ကြိတ်ဖတ်၊ တင်လဲရည်မှ ထုတ်ယူပြီး ဘီယာချက်လုပ်ရန်နှင့် အချဉ်ဖောက်ရန်အတွက်လည်း အသုံးပြုသည်။

သကြားမုန်လာသည် သက်တမ်းတိုသီးနှံဖြစ်ပြီး ကြံပင်သက်တမ်း၏ တစ်ဝက်ဖြစ်သည်။ ထို့ကြောင့် တစ်ယူနစ် ထုတ်လုပ်မှုစရိတ်မှာ နည်းသည်။ ထို့အပြင် သက်တမ်းတိုသည့်အတွက် ရေလိုအပ်ချက်နည်းသည်။ သကြားမုန်လာမှ သကြားတစ်ကီလိုထုတ်လုပ်ရန်အတွက် ရေလိုအပ်ချက်မှာ ၁ ဒသမ ၄ ကုဗမီတာလိုအပ်ပြီး ကြံသီးနှံအတွက် ရေလိုအပ်ချက်မှာ ၄ ကုဗမီတာ လိုအပ်ပါသည်။ သကြားမုန်လာ၏ အားသာချက်မှာ သက်တမ်း ၅-၆ လရှိပြီး သကြားပါဝင်မှုမှာလည်း (၁၅-၁၇ ရာခိုင်နှုန်း) ပါဝင်ကာ sugar recovery မှာ (၁၂-၁၄ ရာခိုင်နှုန်း)၊ သန့်စင်မှုမှာ (၈၅-၉၀ ရာခိုင်နှုန်း)ရှိပြီး ရေငတ်ဒဏ်၊ ဆားငန်ဒဏ်ကို ခံနိုင်ရည်ရှိသော သီးနှံတစ်ခုဖြစ်သည်။ သကြားမုန်လာကို အစေ့မှ စိုက်ပျိုးနိုင်ပြီး အပင်ပေါက်ရန်အတွက် ၁၅°C-၂၅°C လိုအပ်ပြီး အပင်ကြီးထွားချိန် ၂၁°C-၂၂°C လိုအပ်သည်။ အပူချိန် ၃၀°C ထက်ကျော်လွန်ပါက သကြားဖြစ်ပေါ်မှုကို ကျဆင်းစေသည်။

**သကြားမုန်လာစိုက်ပျိုးမှုမှာ**

သကြားမုန်လာကို သကြားထုတ်ယူခြင်းအပြင် စွမ်းအင်ထုတ်လုပ်ရန် အသုံးပြုသည်။ အထူးသဖြင့် အီသနော၊ ဘိုင်အိုအီသနော၊ တင်လဲရည်၊ တိရစ္ဆာန်အစာ၊ ကြိတ်ဖတ်ထုတ်လုပ်ရန်အသုံးပြုသည်။ ကမ္ဘာပေါ်တွင် သကြားမုန်လာစိုက်ပျိုးမှုမှာ သန်းပေါင်း ၄ ဒသမ ၅၆၅ ဟက်တာရှိပြီး ထုတ်လုပ်မှုမှာ သန်းပေါင်း ၂၂၉ ဒသမ ၂၀၁ သန်းရှိသည်။ သကြားမုန်လာကို စိုက်ပျိုးရန်အတွက် အသင့်တော်ဆုံးအချိန်မှာ အောက်တိုဘာလမှ နိုဝင်ဘာလအတွင်းဖြစ်ပြီး ဧပြီလ-မေလတွင် ရိတ်သိမ်းနိုင်သည်။ နိုဝင်ဘာလနောက်ပိုင်း စိုက်ပျိုးပါက အထွက်ကျဆင်းနိုင်သည်။

သကြားမုန်လာ စိုက်ပျိုးရာတွင် ပထမဆုံး အရေးကြီးဆုံးအချက်မှာ မြေယာပြုပြင်ခြင်းဖြစ်၍ ထယ်ရေးကောင်းမွန်စွာရရှိအောင် ဆောင်ရွက်ရန် လိုအပ်သည်။ စိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးစေ့ ၄၀၀၀၀ အထိ စိုက်ပျိုးနိုင်ပြီး တစ်ကျင်းနှင့်တစ်ကျင်း အကွာအဝေးမှာ ၂၀ စင်တီမီတာ ဖြစ်ပါသည်။ ပင်ကြား၊ တန်းကြားအကွာအဝေးမှာ (၅၀ x ၂၀) စင်တီမီတာ ဖြစ်သည်။ သကြားမုန်လာသည် အပင်ကြီးထွားစဉ်ကာလအတွင်း နေရောင်ခြည်ကောင်းစွာရရှိရန် လိုအပ်ပြီး ရေလိုအပ်ချက်မှာ (၃၀၀-၃၅၀) မီလီမီတာလိုအပ်သည်။ အပင်ပေါက် ကောင်းမွန်ရန်အတွက် အသင့်တော်ဆုံး အပူချိန်မှာ ၂၀°C -၂၅°C ရှိရန်လိုအပ်ပြီး အပင်ကြီးထွားချိန်တွင် ၃၀°C- ၃၅°C လိုအပ်သည်။ အပင်ကြီးထွားပြီးနောက်ပိုင်း သကြားဖြစ်ချိန်တွင် အသင့်တော်ဆုံးအပူချိန်မှာ ၂၅°C-၃၅°C ဖြစ်သည်။ သကြားမုန်လာကို ရေသွင်း ရေထုတ်ကောင်းမွန်သောမြေများတွင် စိုက်ပျိုးနိုင်ပြီး အသင့်တော်ဆုံး မြေချဉ်ငန်ကိန်းမှာ ၆ ဖြစ်သည်။ သို့သော် သကြားမုန်လာ၏ ထူးခြားချက်မှာ မြေချဉ်ငန်ကိန်းမြင့်သော ဆားပေါက်သော မြေများတွင်လည်း အထွက်နှုန်းနှင့် အရည်အသွေးကို ထိခိုက်ခြင်းမရှိဘဲ ကောင်းစွာဖြစ်ထွန်းနိုင်သည်။

**ဓာတ်မြေဩဇာလိုအပ်ချက်**

သကြားမုန်လာ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာလိုအပ်ချက် အနေဖြင့် တစ်ဧကလျှင် ယူရီးယား (၁ ဒသမ ၅-၂) အိတ်၊ တီစူပါ (၀ ဒသမ ၅-၁) အိတ်၊ ပိုတက်ရှ် (၂-၃) အိတ်နှင့် အခြားသော သဘာဝမြေဩဇာများကိုမြေအနေအထားကိုကြည့်၍ လိုအပ်သလိုထည့်သွင်းနိုင်သည်။ အထွက်နှုန်းအနေဖြင့် ကမ္ဘာ့ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ၂၅ တန်မှ ၃၃ တန် ထွက်ရှိသည်။ သကြားမုန်လာ ၁၀၀ ဂရမ်မှာ Energy ၄၃ ကီလိုကယ်လိုရီ၊ ကာဗွန်ဟိုက်ဒရိတ် ကစီဓာတ် ၆ ဒသမ ၇၆ ဂရမ်၊ အမျှင်ဓာတ် ၂ ဒသမ ၈ ဂရမ်၊ အဆီဓာတ် ၀ ဒသမ ၁၇ ဂရမ်၊ အသားဓာတ် ၁ ဒသမ ၆၁ ဂရမ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီဝမ်း၊ ဗီတာမင်စီ၊ ဗီတာမင်ဘီတူး၊ ဖောလိတ်၊ သွပ်ဓာတ်၊ မန်းဂနီ၊ ပိုတက်စီယမ်နှင့် သတ္တုဓာတ်မြောက်မြားစွာ ပါဝင်ပါတယ်။ ရေဓာတ် ၈၈ ရာခိုင်နှုန်း ပါဝင်သည့်အတွက် ကျန်းမာရေးအနေဖြင့် သွေးပေါင်ထိန်းညှိပေးခြင်း၊ စိတ်ဖိစီးမှုကို လျော့ကျစေခြင်း၊ သွေးအားနည်းရောဂါကို ကာကွယ်ပေးခြင်း၊ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးခြင်း၊ အမြင်အာရုံ၊ အသည်းနှင့် ကျောက်ကပ်အားကောင်းစေခြင်း၊ လေဖြတ်ခြင်းနှင့် နှလုံးရောဂါရခြင်းတို့မှ ကာကွယ်ပေးနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ **သကြားမုန်လာ၏ သိပ္ပံအမည်မှာ** (Beta vulgaris L.) **ဖြစ်ပြီး မျိုးရင်းမှာ** Chenopodiaceae **ဖြစ်ပါသည်။ သကြားမုန်လာပင်၏ အရွက်စိမ်းကြီးများသည် ထူ၍ အရည်ရွှမ်းသောအမျိုးအစား ဖြစ်ပါသည်။ ဥများမှာ အဖြူမှ အနီရင့်ရင့်အထိ အရောင်အမျိုးမျိုးရှိကြ**

❖ **တချို့ ဥများမှာ ဘောလုံးကဲ့သို့ လုံး၍ တချို့မှာ ဂျင်ပုံသဏ္ဍာန်ရှိပြီး တချို့မှာမူ ရှည်မျောမျောရှိပါသည်။ သကြားမုန်လာသည် ကမ္ဘာ့သကြားထုတ်လုပ်မှုတွင် ကြံသီးနှံပြီးပါက ဒုတိယအရေးကြီးဆုံး သကြားထွက်သီးနှံတစ်ခုဖြစ်ပါသည်။ ကြံနှင့် သကြားမုန်လာမှရရှိသော သကြားကို အစားအစာ၊ အချိုရည်နှင့်အခြားသောစက်မှုလုပ်ငန်းများတွင် အသုံးပြုသည်။ သကြားတွင် အဓိက** sucrose, glucose **နှင့်** fructose **ပါဝင်**

# မိုင်းဖုန်းဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အရှင်ဉာဏသံဝရ အမှူးပြုသော ဆရာတော်သံဃာတော်များ မာရဝိဇယဘုရားကြီးတွင် အန္တရာယ်ကင်းပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း ပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။

ယနေ့ညပိုင်းတွင် မိုင်းဖုန်းဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အရှင်ဉာဏသံဝရ အမှူးပြုသော ဆရာတော် သံဃာတော်များသည် မာရဝိဇယဘုရားကြီးသို့ ကြွရောက်တော်မူပြီး ပန်း၊ ရေချမ်း၊ လျှပ်စစ်မီးများ ဆက်ကပ်ပူဇော်ကာ ဘုရားကြီးအား ဖူးမြော်ကြည်ညို၍ အန္တရာယ်ကင်းပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်တော်မူသည်။ ထို့နောက် မန္တလေးငလျင်ဘေးဒဏ် ခံစားရသူ ခုနစ်ရက်သားသမီးများအား မေတ္တာပို့သပေးခြင်း၊ ငလျင်ဘေးကြောင့် သေဆုံးသွားခဲ့သူများအား မေတ္တာပို့သ အမျှပေးဝေခြင်းများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သဃ်န်းကျွန်းမြို့နယ်၌ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၊ အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးမိုးသီဟဇော် ဦးဆောင်၍ အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ဦးစွာ သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ သုံးဦး ပူးပေါင်းအဖွဲ့ဖြင့် ကြီးပွားရေးရပ်ကွက်အတွင်းရှိ အိမ်ခြေ ၇၉ ခုကို တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များကို ရပ်ကွက်အတွင်းရှိ ပြည်သူများထံ အသိပညာပေး ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် မေ ၂၂**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ ညွှန်ကြားချက်အရ ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မေ ၂၁ ရက်က အင်းစိန်မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များဖြင့် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်တွင် တစ်အိမ်ဆင်း တစ်အိမ်တက် မီးကြွင်းမီးကျန်စစ်ဆေးခြင်း၊ မီးသတိမူရေး မီးဆော်သြခြင်း၊ အရေးပေါ်မီးသတ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်၌ သန့်ရှင်းသောသောက်သုံးရေများဖြန့်ဝေ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ပြတ်လပ်မှုမရှိစေရန်နှင့် ဖူလုံစွာရရှိစေရန် ရွှေ့လျားရေသန့်စင်စက်ဖြင့် မေ ၂၂ ရက်က ညိုပင်ကျေးရွာအုပ်စု ငွေ့ကြီးကျေးရွာသို့ သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးသည်။



ထိုသို့ဖြန့်ဝေရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူရနှင့် တာဝန်ရှိသူများသည် ငွေ့ကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများအား သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။(ဓာတ်ပုံ)

လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကျေးရွာများ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## ရွာငံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေး

**ရွာငံ မေ ၂၂**

ရှမ်းပြည်နယ်( တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေများ (ဒသမ) အကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက တောင်ကြားကျေးရွာ၌ ဆောင်ရွက်သည်။



အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းမြတ်ထိုက်က လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးအောင်လွင်မိုးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တောင်ကြားကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ကိုင်မည့် အသင်းသား အသင်းသူ ၈၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၈၁ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ကျိုင်းတုံ မေ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မိုင်းလန်းကျေးရွာအုပ်စု ဝမ်နုတ်ကျေးရွာနှင့် ဝမ်အွဲ့ကျေးရွာများတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၀ ဒသမ ၄၀၁ သန်းဖြင့် ဝမ်နုတ်ကျေးရွာနှင့် ဝမ်အွဲ့ကျေးရွာများတွင် ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း အရှည် ငါးမိုင် နှစ်ဖာလုံနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုင်းအောင်ခမ်းနှင့် အဖွဲ့ဝင်များ မေ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ဖူလုံစွာရရှိပြီဖြစ်သည်။



**၂၂၂**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၏ ဓမ္မာဒူတရောင်ခြည် ဓမ္မာရုံ၌ လေးကျွန်းမာရ်အောင် မြတ်စွာဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော ဆရာတော်များထံမှ ဆုံးမဩဝါဒစကား ခံယူကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ကျေးလက်ကျန်းမာရေးဆေးခန်း၊ နန်းစုရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ခတ်ပေါင်းစေတီကျောင်းတိုက်၊ မင်းလမ်းရပ်ကွက်ရှိ ရတနာဗိမာန် ထူပါရုံ ရွှေကျောင်းတိုက်၊ တကောင်းရပ်ကွက်ရှိ မဟာစေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီတို့၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ တကောင်းရပ်ကွက်ရှိ စကုမှော် ငလျင်ဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်၍ ကျန်းမာရေးဆိုင်ရာများနှင့် စည်းကမ်းစနစ်တကျရှိစေရေးအတွက်လည်းကောင်း၊ စစ်ကိုင်းမြို့ စီတိုးရပ်ကွက်ရှိရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရှိ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများကို လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်နှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့်အရန်စေတီများ၏ အပျက်အစီးများအား ရှင်းလင်းနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း၌ ငလျင်ဒဏ်သင့် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ငလျင်ဒဏ်သင့် နေရာများရှိ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ အပျက်အစီးများ စနစ်တကျစစ်ဆေး အဆင့်သတ်မှတ်ချက်အရောင်များ ခွဲခြားသတ်မှတ်၍ အမြန်ဆုံးဖယ်ရှား ရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ မရှိခဏစေတီတော်နှင့် ထူပါရုံရွှေကျောင်းတိုက်တို့တွင် အပျက်အစီးများအား ကူညီကယ်ဆယ်ရေးအဖွဲ့များ ရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့သည် မန္တလေးနန်းမြို့တွင်းရှိ နန်းမြို့ ဆုတောင်းပြည့်ဘုရားနှင့် နန်းမြို့ရိုးပတ်လည်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ရှင်းလင်းဖယ်ရှားပြီး ရေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်း၊ အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၉) အခြေခံပညာအထက်တန်း ကျောင်းတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် အခြားလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ တောင်မင်းကြီးမြတ်စွာဘုရားနှင့် ဦးပိန်တံတား နေရာတို့၌ အပျက်အစီးများ ဖယ်ရှား ရှင်းလင်းပြီး ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(စွန်ရဲ)နှင့် အခြေခံပညာအထက်တန်းကျောင်း(ဘဲလင်း)တို့သို့ သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများ စုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှား ရှင်းလင်းနေမှုများ၊ ကျောင်းအတွင်း/ အပြင်သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အချိုရည်နှင့် ရေသန့်ကတ်များ ပေးအပ်သည်။

ထို့နောက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မြစ်သားမြို့နယ် တောင်တော်ကွင်းရှိ Green Power Energy မှ ဆိုလာပိုင်များ ထိခိုက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပြတ်တောက်သွားခဲ့ရာမှ ယခုအခါ ပြန်လည်ပြင်ဆင်ပြီး ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အမရပူရမြို့နယ်ရှိ တောင်မင်းကြီးမြတ်စွာဘုရားအတွင်းရှိ နေရာများတွင် အပျက်အစီးများအား တပ်မတော်သားများ ပူးပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး သန့်ရှင်းရေးဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှု သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ရဝမ်ဒါနိုင်ငံသား ၁၀ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံ ပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၂**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ရဝမ်ဒါနိုင်ငံသား ၁၀ ဦး စုစုပေါင်း ဦးရေ ၂၀ တို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး Attache and Assistance to Nationals Officer Ms. Musetar Cabrito Moso နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ ရဝမ်ဒါသမ္မတနိုင်ငံသံရုံးမှ First Counsellor Mr. Bonny Musefano နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။(ယာပုံ)



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၃၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၀၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား၁၇၂၃ဦးကိုသက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**လှည်းကူး မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မေ၅ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ်အတွင်းရှိ ဘုရား၊ စေတီများနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ ယနေ့နံနက်ပိုင်းကစတင်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ဦးစွာ လှည်းကူးမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဝဏ္ဏစိုး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဘုရား၊ စေတီများ ရေသပ္ပာယ်ခြင်းဖြင့် ကြည်ညိုသဒ္ဓါပွားစေရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူ့ဆေးရုံကြီးအတွင်းအပြင် သန့်ရှင်းသာယာရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နော်တင်ဟမ်ဖောရက်စ်အသင်းက စပါးအသင်းကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရ

ပရီမီယာလိဂ်ပွဲစဉ် (၃၃) အဖြစ် မေ ၂၂ ရက် နံနက်ပိုင်းက စပါးအသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် စပါးနှင့် နော်တင်ဟမ်ဖောရက်စ်အသင်း ပွဲစဉ်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

နော်တင်ဟမ်အသင်းသည် ပြိုင်ဘက်အသင်း၏ ပွဲချိန်တစ်လျှောက် ဖိအားပေးထိုးဖောက်တိုက်စစ်ဆင်မှုများကို အကောင်းဆုံးခုခံကာကွယ်နိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ စပါးအသင်းသည် နော်တင်ဟမ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်။ ထို့အပြင် စပါးအသင်းသည် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး လေးကြိမ်ရရှိခဲ့သော်လည်း လေးကြိမ်စလုံး ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိပေ။

နော်တင်ဟမ်အသင်းသည် ပြိုင်ဘက်စပါးအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပြသနိုင်ခြင်း မရှိသော်လည်း ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ နော်တင်ဟမ်အသင်းသည် စပါးအသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှု လေးကြိမ်သာ ရှိခဲ့သည်။ စပါးအသင်းက ဂိုးပေါက်ကန်သွင်းမှု ၂၂ ကြိမ်အထိ ရှိခဲ့သည်။ နော်တင်ဟမ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ်ပွဲစဉ် (၃၃) ပွဲ ကစားပြီးချိန်တွင် ရမှတ် ၆၀ ဖြင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး အားကောင်းလာပြီဖြစ်သည်။

နော်တင်ဟမ်အသင်း အဓိကတိုက်စစ်ကစားသမား ခရစ္စဝုဒ်သည် ဖေဖော်ဝါရီ ၁၅ ရက်နောက်ပိုင်း ဂိုးပေါက်ပျောက်ဆုံးမှုကို ယခုပွဲစဉ်တွင် ပြန်လည်ရှာတွေ့ခဲ့သည်။ ၎င်းသည် စပါးအသင်းဘက်သို့ တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပရီမီယာလိဂ်သွင်းဂိုး ၁၉ ဂိုး ရှိလာပြီ ဖြစ်သည်။

နော်တင်ဟမ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၅ မိနစ်နှင့် ၁၆ မိနစ်တွင် အန်ဒါဆင်နှင့် ခရစ္စဝုဒ်တို့က သွင်းယူပေးပြီး စပါးအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၈၇ မိနစ်တွင် ရစ်ချတ်လီဆန်က သွင်းယူပေးခဲ့သည်။

**အောင်ဇော်**



## ကော့မှူး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကော့မှူး မေ ၂၂**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးပြည့်ဖြိုးအောင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကော့မှူး-ကွမ်းခြံကုန်း- တွံတေးကားလမ်းမကြီးပေါ်တွင်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရပ်ကွက်အတွင်း မီးဘေးကာကွယ်ရေး စစ်ဆေးခြင်း၊ မီးသတ်ယာဉ်ဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး၊ မီးကိုပေါ့ဆစွာ အသုံးမပြုကြစေရေး၊ မီးကို စနစ်တကျအသုံးပြုကြစေရန်၊ မီးဘေးကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ဆိုးကျိုးများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်



အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “နတ်ဆိုးအချစ်” Facebook အကောင့်နှင့် “@thuyachit041” TikTok ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နေ နေသူရအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကြည့်ရှု

**ပဲခူး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ မေ ၂၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် (၂၉) ကြိမ်မြောက် လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုနှင့် ရေသန့်နှင့် ကော်ဖီများ အခမဲ့တိုက်ကျွေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကာ လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင် အသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေး စောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အခြေခံစားသုံးကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂၂ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀) ရပ်ကွက်ရှိ ဒဂုံရွှေပြည်ဈေးအတွင်း ဈေးသူ ဈေးသားများအား မီးသတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဈေးအတွင်း ဈေးဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ဆိုင်ခန်းပေါင်း ၈၀ နှင့် အမှတ်(၁၆) ရပ်ကွက်အတွင်းတစ်အိမ်တက်ဆင်း မီးဘေးစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္ဒေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းဆောင်ရွက်စဉ်။ အာကာစိုး

# မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ ( ပိုက်ဆံလျှော် )မျိုးစေ့ပေးအပ်

**မော်လမြိုင်ကျွန်း မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မရဲ့အုန်းပင်စုကျေးရွာအုပ်စု မရဲ့အုန်းပင်စုကျေးရွာ ကွင်းအမှတ် (၁၁၈၅-ခ)၊ ဦးပိုင်အမှတ်(၁၀/၁)ရှိ တောင်သူဦးတင်အောင်သန်း၏ လယ်မြေဧက ၃၁ ဒသမ ၀၀ ၌ ကျင်းပသည်။



သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော် မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာ ထက်သန်စေပြီး သွင်းအားစုဓာတ်မြေဩဇာလျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းပိုမိုရရှိကာ တောင်သူဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံ ပေးအပ်ခဲ့ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဝင်းဆန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပုသိမ်မြို့နယ် မြို့ချောင်းကျေးရွာအတွင်း တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ကျောက်တန်းမြို့၌ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ



**ကျောက်တန်း မေ ၂၂**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မေ ၂၂ ရက်က ကျောက်တန်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်း ဦးဆောင်သော သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်တစ်စီးဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင်မီးလောင်မှုမဖြစ်ပွားစေရေး မီးဘေးလုံခြုံရေးအတွက် အနောက်ပိုင်းရပ်ကွက်တွင် အိမ်ခြေ ၁၁၀ ကို တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးဆောင်ရွက်ပြီး မီးလောင်မှုမဖြစ်ပွားစေရေး ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားကာ မီးသတ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၉)



မေ ၅ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂၂ ရက် နံနက် ၉ နာရီက ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း(မြောက်အရှေ့) ရပ်ကွက် လှည်းတန်းလမ်း၊ ဦးသီဟလမ်းတို့မှ အိမ်ခြေ ၁၂၀ ခန့်ကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုလတ် ဦးဆောင်သော သန္ဒေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံစစ်ဆေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## မအူပင်ခရိုင်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေး

**မအူပင် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးလုံခြုံရေးစစ်ဆေးအသိပညာပေးလျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးမှူးဦးဇော်မျိုးဌေးနှင့်တပ်ဖွဲ့ဝင်များသည် မေ ၂၂ရက်က ညောင်ဝိုင်းကျေးရွာရှိ Wilke Myanmar အထည်ချုပ်စက်ရုံ မီးဘေးလုံခြုံမှုရှိစေရန် အဆောက်အအုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကိုစစ်ဆေးပြီး လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် မေ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် မုန့်လုပ်နည်းမွမ်းမံသင်တန်းဖွင့်လှစ်



**နေပြည်တော် မေ ၂၂**

တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးမှ မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် တရုတ်ရိုးရာမုန့်လုပ်နည်းမွမ်းမံသင်တန်းကို မေ ၂၀ ရက်က ရွှေလီနယ်စပ်စက်မှုဇုန်ရှိ (Ya Geer) အထည်ချုပ်စက်ရုံ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်း၌ တက်ဟုန်းသက်မွေးနည်းပညာကောလိပ်မှ ဆရာ ဆရာမများက နာနတ်ပွင့်ကိတ်မုန့်နှင့် ဝက်ပေါင်ခြောက်လမုန့်လုပ်နည်း၊ မုန့်အတွက် ကုန်ကြမ်း အချိုးအစားအလိုက် ချိန်တွယ်ခြင်း၊ ဂျုံနယ်ခြင်း၊ ဂျုံပြားလုပ်ခြင်း၊ အစာသွတ်ခြင်း၊ ပုံဖော်ခြင်းများကို သင်ကြားပေးခဲ့ကြသည်။

"ပထမဆုံးအကြိမ် တရုတ်လမုန့်လုပ်ဖြစ်ခဲ့ပါတယ်။ ဒီနေ့ သင်ယူခဲ့ရတဲ့ ပညာတွေကို လက်တွေ့ပြန်လည်အသုံးချသွားမှာဖြစ်ပါတယ်"ဟု သင်တန်းသား မောင်ဆန်းမင်းအောင်က ပြောသည်။

ထို့အတူ သင်တန်းသူမနန်းစုမြတ်နှင်းက "ဒီသင်တန်းမှာ သင်ကြားမှုတွေက လွယ်လွယ်ကူကူ တတ်မြောက်အောင် သင်ကြားတာ ဖြစ်ပါတယ်။ အားလုံး ပျော်ပျော်ပါးပါးနဲ့ နည်းပညာသစ်တစ်ခုကို သင်ယူတတ်မြောက်ခဲ့ပါတယ်။ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေ အပေါ်ထားရှိတဲ့ နွေးထွေးမှုကို ခံစားခဲ့ရပါတယ်" ဟု ပြောသည်။

အဆိုပါသင်တန်းကိုတက်ဟုန်း သက်မွေး နည်းပညာကောလိပ်၊ ရွှေလီနယ်စပ်စက်မှုဇုန် အုပ်ချုပ်ရေးကော်မတီ၊ လွတ်လပ်သောကုန်သွယ်ရေးဇုန် တက်ဟုန်းဇုန်ခွဲ စက်မှုဇုန် တိုးတက်ရေးစင်တာတို့ ပူးပေါင်း၍ အခမဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရွှေလီနယ်စပ်စက်မှုဇုန်ရှိ စက်ရုံများမှ မြန်မာစားဖိုမှူး ၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထူးထူးမြတ်**

# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၂၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှောင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ၂၃ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိသည်။

မတ် ၃၀ ရက်မှ မေ ၂၂ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်း အိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၉၂၀၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၁၀၃ အိတ်၊ ဆီပိဿာ၂၃၅၂၀ ၊ ဆား ၂၅ ကျပ်သားပါအိတ် ၅၆၁၅ ထုပ်၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၄၈၄၄ ထုပ်၊ ငါးပိ ၂၁၆ ပိဿာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၅၉ ထုပ်၊ ကြက်ဥ၊ ဘဲဥများနှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ကြောင်း သိရသည်။

ထို့အတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၄၇၆ အိတ်၊ စားအုန်းဆီ ပိဿာ ၃၉၆၀၀ ၊ ဆား ၂၅ ကျပ်သားပါ ၇၆ ထုပ်၊ ကုလားပဲ ၂၅ ကျပ်သားပါ ၆၃ ထုပ်၊ ငါးပိ ၁၅ ပိဿာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၉၇ ထုပ်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၆၈ အိတ်၊ စားအုန်းဆီ ပိဿာ ၃၈၆၀ ၊ ဆား ခုနစ်ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၁၃၈ ဘူး၊ ငါးပိ ၁၁ ပိဿာ၊ ငါးခြောက် ၁၀ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၄၉၀ ၊ အသားတု ၁၈ ပိဿာ၊ ကြက်ဥ၊ ဘဲဥများနှင့် ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်သည့် (တောင်သူဆု)နွေစပါးစံပြစိုက်ခင်းရိတ်သိမ်း

**လှည်းကူး မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်သည့် နွေစပါးစံပြစိုက်ခင်းရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက်က ကွင်းအမှတ် ၁၀၅၇-ခ၊ ဦးပိုင်အမှတ်(၅၂) တောင်သူ ဦးချစ်ဟန်၏ လယ်မြေ၌ စံပြရိတ်သိမ်းပွဲ ကျင်းပသည်။

ဦးစွာ စိုက်ခင်းကေအတွင်းရှိ NAS-10(NEW-10) မျိုးသန့်အား နွေစပါးစိုက်ပျိုးထားရှိပြီး စံပြကွက်ရိတ်သိမ်းရာ စပါးအစိုထွက်တင်း ၁၇၆ ဒသမ ၆၀ နှုန်းနှင့် စပါးအခြောက်ထွက် ၁၅၈ ဒသမ ၉၄ တင်းနှုန်း ထွက်ရှိကြောင်း သိရပြီး အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုစံပြကွက်ရိတ်သိမ်းရေးအဖွဲ့၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့နှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှည်းကူး(ပြန်/ဆက်)**



# လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

## ဘေးသင့်ပြည်သူများသို့ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိ

**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် လျှောင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် မေ ၂၂ ရက်အထိ သေဆုံးသူ ၃၇၅၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၄ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၇ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၁ ရက် ည ၇ နာရီမှ မေ ၂၂ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာထိုင်ဝမ် ကုန်သည်ကြီးများအသင်းမှ လျှောင်ဘေးသင့်ပြည်သူများသို့ လှူဒါန်းသည့် ရွက်ဖျင်တဲ၊ ခြင်ထောင်၊ စောင်၊ မီးလုံး စုစုပေါင်းတန်ချိန် ၀ ဒသမ ၄၆ တန်၊ တရုတ် (တိုင်ပေ) အခြေစိုက် ဗုဒ္ဓဘာသာကျူချီပရဟိတ္တဖောင်ဒေးရှင်းမှထောက်ပံ့ပေးသည့် ခြင်ထောင်၊ အိပ်ရာ စုစုပေါင်းတန်ချိန် ၁၈ ဒသမ ၁၁၄ တန်နှင့် တရုတ်နိုင်ငံအစိုးရက ထောက်ပံ့ပေးသည့် ဆေးရုံသုံးပစ္စည်းနှင့်ဆေးပစ္စည်း စုစုပေါင်း တန်ချိန် ၃၇ ဒသမ ၉၀၃ တန် အသီးသီး ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ညောင်လေးပင်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ညောင်လေးပင် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံတွင် ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင် ရွှေလုပ်ငန်းရှင်အသင်း အလှူရှင်များ၊ ဒေါ်ခင်ဝင်းကြည်နှင့် မောင်နှမများ၊ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ငွေကြေးကုန်ကျမှုမရှိစေဘဲ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရေး၊ ကိုယ်လက်လှုပ်ရှား အားကစားများပြုလုပ်ပေးခြင်း၊ ဆီးချိုသွေးချိုတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ ရောဂါများဖြစ်ပွားနေပါက ဆေးလျှင်စွာကုသခြင်းဖြင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်ပေါ်စေရေး၊ ဆောင်ရန်/ရှောင်ရန်များအား သိရှိနားလည်ပြီး သက်တမ်းစေ့ နေထိုင်သွားနိုင်စေရေးတို့အတွက် လစဉ်လတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိပြီး ယခုအကြိမ်တွင် လူနာအဟောင်း ၁၉၃ ဦး၊ လူနာအသစ် ကိုးဦး စုစုပေါင်း ၂၀၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

# ကလေးမြို့၌ ငွေကျပ်သိန်း ၁၁၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် ညနေ ၅ နာရီက ကလေးမြို့ တပ်ဦးသီတာရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ချမ်းမြေ့ထွန်း(ခ)ပူးတူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် တင်ဆောင်လာသည့် စက္ကူဂျပ်ဖာအတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို(တစ်ကီလိုလျှင်ငွေကျပ် သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၁၁၀၀)



ချမ်းမြေ့ထွန်း(ခ)ပူးတူး အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

သိမ်းဆည်းရမိခဲ့သဖြင့် ချမ်းမြေ့ထွန်း(ခ) ပူးတူး(၃၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုင်းတုံမြို့နယ်၌ ငွေကျပ် ၂၃ ဒသမ ၈ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၀ ရက် ညနေ ၆ နာရီခွဲက မိုင်းတုံမြို့နယ် မိုင်းဟန်ကျေးရွာ အုပ်စု နားကောင်းမူးကျေးရွာရှိ မနန်းရွှေကျင်၏ နေအိမ်ကို




ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် စိုင်းအောင်ထွန်းတို့အား စိတ်ကြွရူးသွပ် ဆေးပြား ၃၄၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၂၃ ဒသမ ၈ သိန်း)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မနန်းရွှေကျင် (၂၉) နှစ်နှင့် စိုင်းအောင်ထွန်း(၂၇) နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇေယျာသီရိမြို့နယ်၌ အမျိုးသားတစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးအရေးယူ

**နေပြည်တော် ဧပြီ ၂၂**
နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ ဧပြီ ၂၁ ရက်က အမျိုးသားတစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ် စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လှည့်ကင်းဆောင်ရွက်နေစဉ် လေ့ခွင်းတောင်သွားလမ်းပေါ်အရောက်၌ ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက်နေ လင်းလင်း(၂၈)နှစ်သည် ဆိုင်ကယ်တစ်စီးအား တွန်းလာသည်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ ဆိုင်ကယ်နှင့်ပတ်သက်၍ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ ခိုးယူလာသည်ဟု မသင်္ကာဖွယ်စစ်ဆေးတွေ့ရှိရသဖြင့် လင်းလင်းအား ရေဆင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ပေါင်းတည်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဧပြီ ၂၁ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် နံနက် ၁၁ နာရီခွဲတွင် ပေါင်းတည်မြို့နယ် အုတ်ဖို(၁) အရှေ့ရပ်ကွက်နေ ဦးမြင့်ဇော်မိုး (၅၁)နှစ်၏ နေအိမ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်အား လက်ဝယ်ထားရှိကြောင်း သတင်းအရ ပေါင်းတည်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းနေအိမ်ဘေးရှိ ဂိုဒေါင်တွင်ရပ်ထားသော MDY-15/ 9N-xxxx HONDA FIT ခဲရောင်မော်တော်ယာဉ်အား တွေ့ရှိရပြီး မေးမြန်းရာ ၎င်းယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ဦးမြင့်ဇော်အား ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



ပေါင်းတည်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၂၂**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဧပြီ ၂၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ညောင်ကျေးရွာအနီး အမှတ်(၅)လမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်း အတိုင်း အနောက်မှအရှေ့သို့ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၁၅) ရပ်ကွက်နေ ခင်မောင်ဝင်း (၂၇)နှစ် မောင်းနှင်လာသည့် YGN-19 8D-xxxx Light Truck ယာဉ်သည် တပ်ထိပ်ကားမှတ်တိုင်အနီး အရောက်၌ လမ်းဖြတ်ကူးသူ အမှတ်(၅)ရပ်ကွက်နေသူများဖြစ်သည့် မစုစုရင်(၂၅)နှစ်နှင့် မအိရွှေဇင်ဝင်း(၂၆)နှစ်တို့အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် ခင်မောင်ဝင်းအား လှိုင်သာယာ(အရှေ့ပိုင်း)မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(4A,45-1)ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၅၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၇၆၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Hino Profia Truck နှစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၅၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၃၇၈ တန်၊ သစ်မာ ၁ ဒသမ ၉၅၁ တန်၊ အခြားသစ် ၅ ဒသမ ၃၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၂၉၃၆၃)ကို သစ်တောဥပဒေအရ လည်းကောင်း၊ နတ္တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၂၂၉၃၆၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီ ၂၁ ရက်နှင့် ၂၂ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၆၃၉၃၆၃) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပရီမီယာလိဂ်ပွဲစဉ် (၃၄)

အာဆင်နယ် - ပဲလေ့စ်

၂၄-၄-၂၀၂၅

မေ ၂၄ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၄) အဖြစ် အာဆင်နယ်နဲ့ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ခရစ္စတယ်ပဲလေ့စ်တို့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ကြိုးစားလာမယ့် ပဲလေ့စ်ကို အာဆင်နယ် ကျော်ဖြတ်သွားနိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ပြိုင်ဆိုင်မှုပြင်းထန်လာဦးမယ့် အာဆင်နယ်နဲ့ ပဲလေ့စ်တို့ရဲ့ အားပြိုင်မှု



## အာဆင်နယ် VS ပဲလေ့စ် နံနက် ၁း၃၀

အာဆင်နယ်က အမှတ်ပေးဇယား ဦးဆောင်သူ လီဗာပူးကို ထက်ကြပ်မကွာဖိအားပေးဖို့ ဒီပွဲကို အာရုံစိုက်ကစားလာမှာဖြစ်ပြီး ပြိုင်ဘက် ပဲလေ့စ်အသင်းက နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ အာဆင်နယ်ရဲ့ ခြေစွမ်းက တည်ငြိမ်ပြီး ကျစ်လျစ်မှုရှိတယ်။ ပြိုင်ဘက်ပဲလေ့စ်က ပုံမှန်ခြေစွမ်းမရှိဘူး။ ဒါပေမယ့် အသင်းကြီးတွေကို ဒုက္ခပေးတတ်တယ်။ နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ဖို့ ကြိုးစားလာမယ့် ပဲလေ့စ်အသင်းထက် အိမ်ရှင်အာဆင်နယ်အသင်း ရလဒ်ကောင်း ရရှိမယ်။

| အာဆင်နယ်ရဲ့နောက်ဆုံးသုံးပွဲရလဒ် |
|---|
| အာဆင်နယ် ၁ - ၁ ဘရန့်ဖို့ဒ် |
| ရီးရဲမက်ဒရစ် ၁ - ၂ အာဆင်နယ် |
| အစ်ဆွစ် ၀ - ၄ အာဆင်နယ် |

| ပဲလေ့စ်ရဲ့နောက်ဆုံးသုံးပွဲရလဒ် |
|---|
| မန်စီးတီး ၅ - ၂ ပဲလေ့စ် |
| ကာဆယ် ၅ - ၀ ပဲလေ့စ် |
| ပဲလေ့စ် ၀ - ၀ ဘုန်းမောက် |



■ စောင့်ကြည့်ရမယ့် ကစားသမား

ဆာကာ (၂၃ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆ ကြိမ်

| အာဆင်နယ်နဲ့ ပဲလေ့စ်တို့ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ပွဲရလဒ် | | | | | |
|---|---|---|---|---|---|
| ပဲလေ့စ် | ၁ | - | ၅ | အာဆင်နယ် | ပရီမီယာလိဂ် |
| အာဆင်နယ် | ၃ | - | ၂ | ပဲလေ့စ် | အီးအက်ဖ်အယ် |

■ စောင့်ကြည့်ရမယ့် ကစားသမား

မာတီတာ (၂၇ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၅ ကြိမ်

စပိန်လာလီဂါ ပွဲစဉ် (၃၃)

ဒီပို့တီဗို - ဆိုစီဒက်

ဂီတာဖေး - ရီးရဲမက်ဒရစ်

၂၄-၄-၂၀၂၅

စပိန်လာလီဂါပွဲစဉ် (၃၃) မှ ပွဲစဉ်နှစ်ပွဲကို မေ ၂၄ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာပါ။ တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ ဒီပို့တီဗိုက ဆိုစီဒက်၊ ရှုံးပွဲဆက်နေတဲ့ ဂီတာဖေးက နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းတို့ ဆုံတွေ့နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ဂီတာဖေးရဲ့ ရှုန်းအားကြောင့် ရီးရဲမက်ဒရစ်အသင်း ရှုန်းကန်ရနိုင်တယ်

## ဒီပို့တီဗို VS ဆိုစီဒက် နံနက် ၂း၀၀

ဒီပို့တီဗိုက တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရေး ခြေကုန်ထုတ်လာမှာဖြစ်ပြီး ပြိုင်ဘက်ဆိုစီဒက်က နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ အာရုံစိုက်ကစားလာမှာပါ။ ဆိုစီဒက်အသင်းထက် ဒီပို့တီဗိုရဲ့ ရှုန်းအားကို ကြည့်ရမယ်။

## ဂီတာဖေး VS ရီးရဲမက်ဒရစ် နံနက် ၂း၀၀

ဂီတာဖေးက နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ထားတယ်။ ပြိုင်ဘက် ရီးရဲမက်ဒရစ်က ဦးဆောင်သူ ဘာစီလိုနာအသင်းနဲ့ ရမှတ်ကွာဟမှု လျှော့ချဖို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ ဂီတာဖေးရဲ့ ရှုန်းအားကြောင့် ရီးရဲမက်ဒရစ်အသင်း ရှုန်းကန်ရနိုင်ပေမယ့် နိုင်ပွဲရဖွယ်ရှိတယ်။

| ဒီပို့တီဗိုရဲ့နောက်ဆုံးနှစ်ပွဲရလဒ် |
|---|
| ဒီပို့တီဗို ၀ - ၁ ရီးရဲမက်ဒရစ် |
| ဆီဗီလာ ၁ - ၁ ဒီပို့တီဗို |

■ စောင့်ကြည့်ရမယ့် ကစားသမား

ဂါစီယာ (၃၅ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၂ ကြိမ်

| ဆိုစီဒက်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် |
|---|
| ဆိုစီဒက် ၀ - ၂ မာယော့ကာ |
| ဗီလာရီးရဲ ၂ - ၂ ဆိုစီဒက် |

■ စောင့်ကြည့်ရမယ့် ကစားသမား

အိုရာဇာဘာယ် (၂၈ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၀ ကြိမ်

| ဂီတာဖေးရဲ့နောက်ဆုံးနှစ်ပွဲရလဒ် |
|---|
| ဂီတာဖေး ၁ - ၃ လပ်စ်ပဲမတ်စ် |
| အက်စ်ပန်ညို ၁ - ၀ ဂီတာဖေး |

■ စောင့်ကြည့်ရမယ့် ကစားသမား

မော်ရို (၂၉ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၉ ကြိမ်

| ရီးရဲမက်ဒရစ်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် |
|---|
| ရီးရဲမက်ဒရစ် ၁ - ၂ အာဆင်နယ် |
| ရီးရဲမက်ဒရစ် ၁ - ၀ ဘီလ်ဘာအို |

■ စောင့်ကြည့်ရမယ့် ကစားသမား

ဗနီစီးယပ်စ် (၂၄ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆ ကြိမ်

# လိဒ်စ်နှင့် ဘန်လေအသင်းတို့ ရာသီမပြီးဆုံးမီ ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ပြီ

လိဒ်စ်အသင်းသည် ချန်ပီယံရှစ်တွင် နှစ်နှစ်ကြာ ဖြတ်သန်းပြီးနောက် ယခုအခါ ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။ လိဒ်စ်အသင်းသည် ကစားရန် လက်ကျန်နှစ်ပွဲ ရှိသေးသော်လည်း ပြိုင်ပွဲမပြီးဆုံးမီ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

လိဒ်စ်အသင်းသည် ချန်ပီယံရှစ်အမှတ်ပေးဖလားပြိုင်ပွဲ ပွဲစဉ် (၄၄) ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ဒုတိယနေရာမှ ဘန်လေအသင်းနှင့် ရမှတ် ၉၄ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ထို့အပြင် လိဒ်စ်အသင်းသည် လက်ကျန်နှစ်ပွဲဖြစ်သည့် ဘရစ္စတိုးလ်စီးတီးနှင့် ပလိုင်းမောက်အသင်းတို့က နိုင်ပွဲရရှိပါက အမှတ်ပေးဖလားပါ ဆွတ်ခူးနိုင်ဖွယ်ရှိသည်။

၂၀၂၃-၂၀၂၄ ရာသီ ပိတ်သိမ်းချိန်တွင် ရမှတ် ၉၀ ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နိုင်ခဲ့သော လိဒ်စ်အသင်းသည် ရှုံးထွက်အဆင့် ဖိုင်နယ်လုပွဲတွင် ဆောက်သမ်တန်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ် တန်းတက်ခွင့် လွဲချော်ထားသည်။ သို့သော်လည်း လိဒ်စ်အသင်းသည် ယခုနှစ်ရာသီတွင် ဂျိုးပီရိုး၊ ဒန်နီရယ်ဂျိမ်းစ်၊ ဆိုလို မွန်၊ ဖာပိုတို့ ခြေစွမ်းပြမှုနှင့်အတူ ပရီမီယာလိဂ်ကို ရာသီမပိတ်မီ တိုက်ရိုက်တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

လိဒ်စ်အသင်းသည် ချန်ပီယံရှစ် (၄၄) ပွဲ ကစားပြီးချိန်တွင် ဂိုး ၈၉ ဂိုးအထိ ရယူထားနိုင်ပြီး ပေးဂိုးက ၂၉ ဂိုးသာ ပြန်လည်ခွင့်ပြုပေးထားရသည်။ လိဒ်စ်အသင်းနှင့်အတူ ဒုတိယနေရာမှ ဘန်လေအသင်းလည်း ပရီမီယာလိဂ်သို့ တိုက်ရိုက်တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် လိဒ်စ်အသင်းနှင့် ဘန်လေအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို လာမည့်ရာသီ ပရီမီယာလိဂ်တွင် ပြန်လည်မြင်တွေ့ရတော့မည် ဖြစ်သည်။

## မန်ယူက ဝုဖ်တိုက်စစ်ကစားသမား ကွန်ဟာကို ခေါ်ယူလိုနေ



မန်ယူအသင်းသည် ဝုဖ်အသင်းတိုက်စစ်ကစားသမား မက်သီးယပ်စ် ကွန်ဟာကို ယခုနှစ် နွေရာသီတွင် ခေါ်ယူရန် စိတ်ဝင်စားနေသည်။

စာချုပ်လျော်ကြေး ပေါင် ၆၂ ဒသမ ၅ သန်းရှိသော ဝုဖ်အသင်းမှ ဘရာဇီး တိုက်စစ်ကစားသမား ကွန်ဟာသည် ရာသီကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည်။ ယခုနှစ်ရာသီတွင် မန်ယူအသင်း၏ တိုက်စစ်က ဂိုးရရှိရန် ရှုန်းကန်နေရသည်။ ကွန်ဟာသည် ဝုဖ်အသင်းအတွက် ၈၇ ပွဲပါဝင်ကစားထားပြီး ၃၂ ဂိုး သွင်းယူထားသည်။

ကွန်ဟာကို မန်ယူအသင်းအပြင် လီဗာပူး၊ အာဆင်နယ်၊ ချယ်ဆီးနှင့် နယူးကာဆယ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။

■ မိုးဇက် - စုစည်းသည်

# ဗြိတိန်တင်းနစ်မယ် ရာဒူကာနူ မက်ဒရစ်အိုးပင်း အဖွင့်ပွဲစဉ်တွင် နယ်သာလန်တင်းနစ်မယ် လေမန်းစ်နှင့် ယှဉ်ပြိုင်ကစားမည်

ဗြိတိန်နာမည်ကျော် တင်းနစ်မယ် အမ်မာရာဒူကာနူသည် မေ ၂၃ ရက် **(ယနေ့)** ညနေပိုင်းတွင် မက်ဒရစ်အိုးပင်းအမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ၁၂၈ ဦးအဆင့်တွင် ကမ္ဘာ့အဆင့် (၇၃) ရှိ နယ်သာလန်တင်းနစ်မယ် ဆူဇန်လေမန်းစ်နှင့် ယှဉ်ပြိုင် ကစားသွားမည် ဖြစ်သည်။

ရာဒူကာနူသည် ယခုပြိုင်ပွဲမတိုင်မီ ပြီးခဲ့သည့်လက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် မိုင်ယာမီအိုးပင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက်အမေရိကန်တင်းနစ်မယ် ပဲဂူလာကို ၆-၄၊ ၆-၇ (၃-၇)၊ ၆-၂ ရလဒ်ဖြင့် ရှုံးနိမ့်ကာ နောက်တစ်ဆင့် တက်လှမ်းခွင့် လွဲချော်ထားသူ ဖြစ်သည်။

ရာဒူကာနူသည် မိုင်ယာမီအိုးပင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်မှုမှာ ၂၀၂၁ ခုနှစ်က ယူအက်စ်အိုးပင်းချန်ပီယံဆု ဆွတ်ခူးရရှိပြီးနောက် အမြင့်ဆုံးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် အဆိုပါ ပြိုင်ပွဲတွင် လက်စွမ်းပြသထားနိုင်မှုကြောင့် ကမ္ဘာ့အဆင့် (၄၇) သို့ တက်လှမ်းနိုင်ခဲ့သည်။

မေ ၂၃ ရက် ညနေပိုင်းတွင် ရာဒူကာနူနှင့်အတူ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ကာတယ်၊ အူချီဂီမာ၊ ကေဗီတိုဗာ၊ ဆက္ကရီ၊ ပိုတာပိုဗာ၊ အန်ဒရက်စ်ကူ၊ အဇာရင်ကာတို့လည်း ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ရာဒူကာနူသည် မတ် ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ၁၂၈ ဦးအဆင့်တွင် ပြိုင်ဘက် ဂျပန်တင်းနစ်မယ် အူချီဂီမာကို ရှုံးနိမ့်ထားသူဖြစ်သည်။ ထို့ကြောင့် ရာဒူကာနူအနေဖြင့် ယခုပြိုင်ပွဲ ၁၂၈ ဦးအဆင့် ပြိုင်ဘက်အနိုင်ယူပြီး နောက်တစ်ဆင့် တက်လှမ်းသွားမလား သို့မဟုတ် ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာရမလား ဆိုတာ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။



## မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/ တိုင်းဒေသကြီး(ငွေလုံးငွေရင်း/သာမန်) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆည်၊ ကန်၊ တာတမံပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်း စသည့်လုပ်ငန်းများအတွက် လိုအပ်သော ဒီဇယ်ဆီ (၁၈၀၀၀၀)ဂါလန်ခန့်အား ၂၂-၄-၂၀၂၅ ရက်မှစ၍ မြန်မာ(ကျပ်)ငွေ ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်း ဧည့်ရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ၂၂-၄-၂၀၂၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ် သိရှိလိုပါက ဖုန်း - ၀၂-၄၀၃၉၃၈၁၊ ၀၂-၄၀၆၆၀၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရယူရမည့်ရက်** - ၂၂-၄-၂၀၂၅ရက်မှ ၆-၅-၂၀၂၅ရက်

(ခ) **တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၆-၅-၂၀၂၅ ရက်၊ (၁၆:၃၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၈-၅-၂၀၂၅ရက် (ခန့်မှန်း)

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့

သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် (၄)ခန်းတွဲ(၃)ထပ်ကွန်ကရစ်မိုးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း(RC)(၁၀၂'x၂၉'၆") ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၂၃-၄-၂၀၂၅)ရက်မှ (၇-၅-၂၀၂၅)ရက် အထိ

၃။ **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - (၇-၅-၂၀၂၅)ရက် ညနေ (၁၆:၀၀)နာရီ

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၉-၄၀၂၇၄၇၅၃၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၁၃၁၀/ခ)၊ မြေပေအကျယ် ၈ေီယာ ၀ ဒသမ ၀၂၈၂ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ထူးထူးလတ် ၁၂/မရက(နိုင်)၀၄၀၈၂၄ က ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ်(၁)ထပ်လုံးချင်း နေအိမ်အပါအဝင်သည့် အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံလာရောက် ကန့် ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်** ။ ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ**။ လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူ နေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် (e-Registration Button) မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာ တင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များ ကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း** ။ အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း**။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း**။ စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း**။ အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာ တင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာ တင်သွင်းပုံအဆင့်ဆင့်ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက် ။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း** ။ အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်** ။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ** ။ အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလ အထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန် ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး** ။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလ အတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်** ။ မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သောဆေးရုံသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးစက်ပစ္စည်းကိရိယာများနှင့် လူနာတင်ယာဉ် (Ambulance)များအားဝယ်ယူရန် တင်ဒါအမှတ်-3DMS(2025-2026)(L) တင်ဒါအမှတ် - 4DMS(2025-2026)(L)နှင့် တင်ဒါအမှတ်-5DMS(2025-2026)(L)တို့ဖြင့် တင်ဒါများ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ဗဟိုဆေးသိုလှောင်ရေး ဌာန(ရန်ကုန်)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၂၈-၄-၂၀၂၅)ရက်(တနင်္လာနေ့)

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** - ဗဟိုဆေးလှောင်ရေးဌာန၊ အမှတ်(၅၇) စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၁၂-၅-၂၀၂၅)ရက်၊ မွန်းတည့်(၁၂: ၀၀)နာရီ

**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၁-၃၇၁၂၈၄၊ ၀၁-၃၈၄၉၃၇၊ ၀၁-၃၇၂၃၆၂

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

MYANMAR CONSTRUCTION
MCEF
ENTREPRENEURS FEDERATION

## မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ကြီးမှူးကျင်းပသော ပန်းရံသင်တန်း (အမျိုးသမီး)

၁။ **တက်ရောက်နိုင်သူများ**

(က) အသက် (၁၈)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
(ခ) ပညာအရည်အချင်းအနည်းဆုံး မူလတန်းအောင်ဖြစ်ရမည်။
(ဂ) သင်တန်းတက်ရောက်ရာတွင် နေရေး၊ စားရေးအတွက် အသင်းချုပ်မှ တာဝန်ယူဆောင်ရွက်ပေးမည်။
(ဃ) သင်တန်းသားဦးရေ (၅၀)ဦးကိုသာ လက်ခံသင်ကြားသွားမည်။

**သင်တန်းကာလ** ။ ။ (၁၄)ရက် (၂)ပတ်။
**သင်တန်းနေရာ** ။ ။ ရန်ကုန်။

မှတ်ချက် ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ နောက်ဆုံးထား၍စာရင်းပေးသွင်းရပါမည်။

**အသေးစိတ်သိရှိလိုပါက**
**MCEF အသင်းချုပ်**
**အမှတ်(၃)၊ သံသုမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း – 09 893 217 109 ၊ 09 660 282 000**
**09 422 721 757 ၊ 09 250 609 740**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ ဆောင်ရွက်မည့် ထားဝယ် မြို့၊ ဆန်းချီရပ်ကွက်ရှိ မြေကွက်အမှတ်(၁၁၀၃၊ ၁၁၀၄၊ ၁၁၀၅၊ ၁၁၀၆)၊ မြေဧရိယာ(၁၂၀'x၈၀')တွင် Ethnic Center အဆောက်အအုံ(၂)ထပ် RC(၅၀ပေ x ၆၀ပေ) နှင့်အခြားဆက်စပ်လုပ်ငန်းများ(Roof Slab နှင့် Extension Roof အပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ မည်သူမဆို တင်ဒါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၂၃-၄-၂၀၂၅ရက် (ရုံးချိန် အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၈-၅-၂၀၂၅ရက် ညနေ(၁၆:၀၀)နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့် နေရာ** - တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ ဇလပ်ဖြူလမ်း၊ ဆန်းချီတိုးချဲ့ရပ်ကွက်၊ ထားဝယ်မြို့

(ဃ) **တင်ဒါဖွင့်လှစ်မည့် နေ့ရက်** - (၁၃-၅-၂၀၂၅)ရက်

၂။ တင်ဒါလျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဖုန်း-၀၉-၄၂၂၁၉၇၂၉၉၊ ၀၉-၂၅၂၁၅၀၉၈၀၀သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ မူလွန်(နောင်ပစ်) မှ GRADE-4 ဖြေဆိုထားသော နန်းအိန္ဒြာမောင်အား နန်းဖွေနီခမ်း ဟု လည်းကောင်း GRADE-1 ဖြေဆိုထားသော နန်းကြယ်စင်ရွှန်းလဲ့အား နန်းဖွေးဖွေးဟွမ် ဟု လည်းကောင်းပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ ရွာသစ်(၁၇)လမ်း၊ အမှတ်(ခ/၄၂)၊ ဦးဝင်းမောင် အမည်ပေါက် အလျား ၉၁ပေ x အနံ ၃၈ပေရှိ နေအိမ်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိပိုင်ဆိုင်သူ ဦးဝင်းမောင် ၈/မကန(နိုင်) ၀၇၉၃၅၃ ထံမှ ကျွန်မ ဒေါ်မွန်မွန်လတ် ၈/မဘန(နိုင်) ၀၆၇၃၀၄မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည့် ဘဏ်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အနေဖြင့် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မ ဒေါ်မွန်မွန်လတ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မွန်မွန်လတ်**
**(ဖုန်း-၀၉-၄၀၁၀၀၈၈၇၀)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၁ နှင့်၅)
### မော်လမြိုင်ခရိုင်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈

ဒေါ်ခင်မော်မော် **နှင့်** ၁။ ဒေါ်ယုယုဆွေ၊ ၂။ ဒေါ်ယုယုမော်
၃။ မစမ်းစမ်းဦး၊ ၄။ မနီနီအေး
၅။ မောင်စိုးထိုက်၊ ၆။ မောင်စိုးနိုင်
၇။ မောင်ဇော်ဝင်းထွန်း
(၃၊ ၄၊ ၅၊ ၆၊ ၇တို့သည်ကွယ်လွန်သူ ဒေါ်စန်းနွဲ့၏ တရားဝင်ကိုယ်စားလှယ်များ)
၈။ ဒေါ်သင်းသင်းခိုင်
(တရားလို) (တရားပြိုင်များ)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ မိန်းမလိုင်းလမ်းကြား၊ တပ်ထိန်းနေ ၃-တရားပြိုင် မစမ်းစမ်းဦး၊ ၄-တရားပြိုင် မနီနီအေး၊ ၅-တရားပြိုင် မောင်စိုးထိုက် နှင့် ၇-မောင်ဇော်ဝင်းထွန်း တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၆ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရေးရှင်းလင်းရန်၊ ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ၊ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးမင်း)
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၀)လမ်း၊ အမှတ် (၉၀၁)နေ ဦးခင်အောင်၏သား စောလေထူး ၁၀/မလမ(နိုင်)၁၃၁၂၉၄၈၏ နိုင်ငံကူးလက်မှတ်အမှတ် 657338 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၃၃၂၀၀၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
### တာမွေမြို့နယ်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဒေါ်ခင်သီတာ **နှင့်** ၁။ ဒေါ်ညွန့်ညွန့်တင်
၂။ဦးအင်ဂျူဒူဟာဆောင်(ခ)ဦးကျော်မြင့်
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၄၃)အပေါ်ဆုံးထပ်၊ ညာဘက်နေ (၁)တရားပြိုင် ဒေါ်ညွန့်ညွန့်တင် နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅ လမ်း၊ အမှတ်(၁၀၂/ဘီ)နေ (၂)တရားပြိုင် ဦးအင်ဂျူဒူဟာဆောင်(ခ)ဦးကျော်မြင့် တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း တိုက်ခန်းအရောင်းအဝယ်ကတိ စာချုပ်အရ ကျန်တိုက်ခန်းဖိုးငွေ ကျပ်သိန်း(၁၅၀)အား လက်ခံရယူစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၄ရက် (၁၃၈၇ခုနှစ်၊ တန်ခူးလ ပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇာခြည်လှိုင်)
**မြို့နယ်တရားသူကြီး**
**တာမွေမြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သစ်စက်ရပ်ကွက်၊ ရန်ကြီးအောင်လမ်းနေ ဦးမရမ်းသီး(ခ)ဦးစိုးဝင်း ၇/ဝမန(ပြု) ၀၀၀၆၆၀-ဒေါ်စန္ဒာထွန်း ၇/ဝမန(နိုင်)၀၇၃၇၆၉ ၏ သားဖြစ်သူ မောင်ရှိုင်းထက်ဝင်း ၇/ဝမန(ပြု)၀၀၁၄၅၃ သည် မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိဘ-ဦးမရမ်းသီး(ခ)**
**ဦးစိုးဝင်း-ဒေါ်စန္ဒာထွန်း**
**သစ်စက်ရပ်ကွက်၊**
**ဝေါမြို့**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါသည်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ ရဲသွေးလမ်း၊ အကွက်အမှတ်(၆၉)မောင်ငံကွင်း၊ ဦးပိုင်အမှတ်(၄၂ᵃ)၊ ဧရိယာ(၀.၀၁၆)ဧကရှိ ဘိုးဘပိုင်မြေအမျိုးအစားကို မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဦးခင်မောင်ဆက်၊ ဒေါ်စိန်စိန်မြင့်အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးခင်မောင်ဆက်နှင့် ဒေါ်စိန်စိန်မြင့်တို့သည် ကွယ်လွန်သွားပြီးနောက် ၎င်းတို့၏ကိတ္တိမမွေးစားသမီးဖြစ်သော အမွေဆက်ခံခွင့်ရှိသူ ဒေါ်သင်းသင်းအိသည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်အမှတ်(၄၇၅/၂၀၂၄) အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပါသည်။ ထို့နောက် ဒေါ်သင်းသင်းအိမှ ၎င်းတရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားသော အထက် ဖော်ပြပါမြေကွက်ကို နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ် မှတ်ပုံတင်အမှတ်(၅၃၃/၂၀၂၄)အရ ဦးမျိုးမြင့်ဇော်အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးမျိုးမြင့်ဇော်သည် ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက် အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးမျိုးမြင့်ဇော်မှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊
## လမ်းအထူးအဖွဲ့(၂၄)
